ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်၊ တနင်္လာနေ့။ Monday, 10 April 2023 ၁၁၀၆၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုကိုးကျွန်းမြို့နယ်ရှိ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် ပင်လယ်နှစ်ခုဆုံမှတ် တည်နေရာတွင် အောင်မြေအထိမ်းအမှတ်ကျောက်တိုင် စိုက်ထူခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုကိုးကျွန်းမြို့နယ်ရှိ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် ပင်လယ်နှစ်ခုဆုံမှတ်တည်နေရာ အောင်မြေအထိမ်းအမှတ်ကျောက်တိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် ဧပြီ ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများလိုက်ပါ၍ ကိုကိုးကျွန်းမြို့နယ်ရှိ ကပ္ပလီပင်လယ်ပြင် (Andaman Sea)နှင့် ဘင်္ဂလားပင်လယ်အော်(Bay of Bengal) ပင်လယ်နှစ်ခုဆုံမှတ်တည်နေရာတွင် အောင်မြေအထိမ်းအမှတ်ကျောက်တိုင်စိုက်ထူခြင်းအခမ်းအနားသို့ ယနေ့နံနက်ပိုင်းတွင် တက်ရောက်ချီးမြှင့်သည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့

## ယနေ့ ဖတ်စရာ

**ပဲတီစိမ်းနှင့် နွေစပါး စီမံကိန်းနှင့် ဆီထွက်သီးနှံ နေကြာတိုးချဲ့စိုက်ပျိုးရေး စီမံကိန်းဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ**
စာမျက်နှာ » ၈

**နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ**
ဆောင်းပါး
စာမျက်နှာ » ၁၀



**၂၀၂၆ ခုနှစ်၌ တိုယိုတာကားကုမ္ပဏီက လျှပ်စစ်ကားမော်ဒယ်အသစ် ၁၀ မျိုး ထုတ်လုပ်မည်**
စာမျက်နှာ » ၁၂

ကြေးမုံ

# မြန်မာ့ရိုးရာအစဉ်အလာကိုစောင့်ရှောက် ပြည်သူများ စိတ်နှလုံးချမ်းမြေ့ပျော်ရွှင်

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၀ ရက်နေ့မှ နှောင်းတန်ခူးလပြည့်ကျော် ၁၂ ရက်နေ့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းသည့် မဟာသင်္ကြန်ကာလဖြစ်သည်။ မြန်မာတို့၏ အစဉ်အလာမပျက် ကျင်းပလေ့ရှိသော ၁၂ လရာသီပွဲတော်များတွင် မဟာသင်္ကြန်ပွဲတော်သည် လူမျိုးမရွေး၊ ဘာသာမရွေး ပြည်သူများအားလုံး အပျော်ရွှင်ဆုံး၊ စိတ်ချမ်းမြေ့ဆုံး၊ အစည်ကားဆုံးပွဲတော်တစ်ခုဖြစ်သည်။

သင်္ကြန်ပွဲတော်ကြီး၏ သမိုင်းကြောင်းအစဉ်အလာနှင့် အနှစ်သာရများမှာ ထူးခြားမွန်မြတ်လှပါသည်။ အတာကူးသော တန်ခူးလအခါတွင် ကပိလဝတ်ပြည်၌ နေကုန်သော သာကီဝင်မင်းတို့သည် နှလုံးမွေ့လျော်ဖွယ်ရှိသော ဒေဝဒဟရေအိုင်ကြီး အနီးတွင် မင်းတဲဆောက်၍ ရေဖျန်းသဘင်ဖြင့် ပျော်ရွှင်စွာကစားကြသည်ဟု သာသနာဝင်ကျမ်းတို့၌ ဆိုထားသည်။ မဟာဝင်ကျမ်းတွင် ပုဂံပြည်နရသီဟပတေ့ မင်းလက်ထက် နွေလအခါ နန်းတော်မှသည် မြစ်ဆိပ်ထိတိုင် လူမမြင်သာအောင် တဲနန်းဥမင်ဆောက်၍ မိဖုရား၊ မောင်းမတို့နှင့်အတူ ရေကစားကြကြောင်း ဆိုထားသည်။ ထိုမှတစ်ဆင့် ရေကစားပွဲကို ယနေ့ထက်တိုင် အစဉ်အလာမပျက် ကျင်းပခဲ့ပါသည်။

တန်ခူးလဟူသောဝေါဟာရသည် တာကူးမှ တန်ခူးသို့ ပြောင်းသွားဟန်ရှိသည်။ ဆရာကြီးဦးဖိုးလတ်က တာကူးဟူသောဝေါဟာရမှာ "နှစ်ပြောင်းသည်၊ နှစ်ပြောင်းလ၊ တန်ခူးလ၊ မိဿရာသီ"ဟု ဖွင့်ဆိုသည်။ ၁၂ လစေ့၍ တစ်နှစ်ကြာလျှင် မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းသည်ကို မဟာသင်္ကြန်ကျသည်ဟုဆိုသည်။ တန်ခူးလသည် နွေရာသီအပူပြင်းဆုံးလဖြစ်၍ မြစ်ချောင်းအင်းအိုင်ရှိ ရေများခန်းခြောက်လျော့ပါးလေ့ရှိသည်။ ပူပြင်းလှသဖြင့် အပူဒဏ်သက်သာစေရန် မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာ သင်္ကြန်ပွဲတော်ကာလ၌ တစ်ဦးနှင့်တစ်ဦး ရေပက်ဖျန်းသွန်းလောင်းကြသည်မှာ လျော်ကန်သင့်မြတ်လှပါသည်။

နှစ်သစ်အတာ ကူးပြောင်းသည့်ကာလဖြစ်၍ နှစ်ဟောင်းမှ အညစ်အကြေးများ နှစ်သစ်သို့ပါမလာစေရန် အတာရေဖြင့် ဆေးကြောသန့်စင်ခြင်း၊ နှစ်ဟောင်းတွင် ပြုလုပ်မိကြသော မကောင်းမှုတို့ကို သန့်စင်ဆေးကြောခြင်းစသည့် ကောင်းသော အမှုတို့ကို ပြုလုပ်ကြသည့်ကာလဖြစ်၍ မြန်မာတို့အတွက် မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါသည်။ သင်္ကြန်သည် ကာလရွေ့လျောလာသောအခါ ကောင်းမြတ်သောယဉ်ကျေးမှုအစဉ်အလာများ လျော့ပါးလာသည်။ သင်္ကြန်အခါတွင် ရှေးအစဉ်အလာ လေးစားမြတ်နိုးဖွယ်ရာ၊ ပျော်ရွှင်ကြည်နူးဖွယ်ရာ၊ စိတ်နှလုံးချမ်းမြေ့စရာ ပျော်ရွှင်မှု၊ ကောင်းမှုများကြားတွင် အပျော်လွန်ကြူးသဖြင့် အဆိုးဘက်သို့ ရောက်တတ်သလို အကျည်းတန်အရုပ်ဆိုးအောင် ပြုလုပ်ကြသူများလည်းရှိသည်။ သင်္ကြန်ပွဲတော်တွင် သူတစ်ပါးတို့အား အနှောင့်အယှက်မဖြစ်စေဘဲ စိတ်နှလုံးချမ်းမြေ့အောင် ကောင်းမွန်သော စိတ်ထားများ မွေးမြူသင့်သည်။

မျက်မှောက်ကာလတွင် တိုင်းပြည်အေးချမ်းသာယာဝပြောပြီး ပြည်သူများ စိတ်နှလုံးချမ်းမြေ့ပျော်ရွှင်စွာ နေထိုင်လုပ်ကိုင်နေသည်ကို မလိုလားသူများရှိလာသည်။ ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာ မဟာသင်္ကြန်တွင် ပြည်သူများမပါဝင်နိုင်ရန်၊ မဆင်နွှဲနိုင်ရန် ခြိမ်းခြောက်မှုများပြုလုပ်လာသည်။ ဖျက်ဆီးနှောင့်ယှက်မှုများ ပြုလုပ်နိုင်အောင် ကြံစည်အားထုတ်မှုများရှိလာသည်။ မြန်မာတို့၏ အစဉ်အလာယဉ်ကျေးမှုနှင့် ပျော်ရွှင်ချမ်းမြေ့မှုကို ပျက်စီးအောင် ကြံစည်အားထုတ်နေသူများသည် NUG အကြမ်းဖက်အဖွဲ့နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးပြီး မြန်မာတို့၏ ယဉ်ကျေးမှုအစဉ်အလာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိသည်။ နှောင့်ယှက်ဖျက်ဆီးနေသော အကြမ်းဖက်အဖျက်သမားများကို တားဆီးကာကွယ်နှိမ်နင်းပေးလျက်ရှိသည်။

အကြမ်းဖက်သမားများသည် နိုင်ငံတော်၏အုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန်၊ နှစ်စဉ်အစဉ်အလာမပျက် ကျင်းပလေ့ရှိသော မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ကာလအတွင်း ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေသဘင်ပွဲဆင်နွှဲကြမည်ကို မလိုလားမရှုဆိတ်ဘဲ နှောင့်ယှက်ဖျက်ဆီးရန်နှင့် ပြည်သူများ ကြောက်ရွံ့ထိတ်လန့်မှုဖြစ်စေရန်၊ သင်္ကြန်ပွဲတော်ကျင်းပမည့်နေရာများတွင် အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးမှုဖြစ်စေရန် ယုတ်မာပက်စက်သော ကြံစည်မှုများပြုလုပ်လာသည်။ အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ လျှို့ဝှက်ကူညီမှုဖြင့် အကြမ်းဖက်သမားများကို တားဆီးနိုင်ခဲ့ပြီး ဆက်လက်၍လည်း ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အကြမ်းဖက်လုပ်ရပ်များကို အရှိန်အဟုန်မြှင့် တိုက်ဖျက်နေပြီဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ပြည်သူများအားလုံး စိတ်နှလုံးချမ်းမြေ့စွာဖြင့် ပါဝင်ဆင်နွှဲနိုင်ရန်အတွက် နှောင့်ယှက်ဟန့်တား ဖျက်ဆီးမှုများကို ပြည်သူများ၏ ပူးပေါင်းလက်တွဲဆောင်ရွက်မှုများဖြင့် ကာကွယ်တားဆီးပြီး မြန်မာတို့၏ မွန်မြတ်ဖွယ်ရာ ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း။ ။

## မှော်ဘီမြို့နယ်၌ ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသောဘိတနှင့် ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌတို့၏ ဂုဏာဝိသိဋ္ဌထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ



မှော်ဘီ ဧပြီ ၉

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ ယနေ့နံနက် ၉ နာရီတွင် သံတံတားရွာဦးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသောဘိတနှင့် စာချဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌတို့အား ဂုဏာဝိသိဋ္ဌ ပူဇာသဘင် ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို အဆိုပါ စာသင်တိုက်ရှိ ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ကံမဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ခြင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍည ရန်ကြီးအောင်ဆရာတော်ထံမှ ဩဝါဒကထာ နာယူခဲ့ကြပြီး တေးသံရှင်များက ပိုဒ်စုံရတုနှင့် ရှစ်ဆယ်ဘော် တေးထပ်တို့ဖြင့် သီဆိုဂုဏ်ပြုဖျော်ဖြေကြသည်။

ဆက်လက်၍ နိုင်ငံတော်မှ ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်များကို ဆရာတော် ဘဒ္ဒန္တသောဘိတထံသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌထံသို့ မြို့မိမြို့ဖ ဦးလှဦးတို့က ထပ်ဆင့်ဆက်ကပ်ပူဇော်ခဲ့ကြသည်။

မြင့်ဦး

## ကြည့်မြင်တိုင်မြို့နယ်၌ (၇၄)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၉

ကြည့်မြင်တိုင်မြို့နယ် ဈေးကြီး၊ တလိုင်းပိုင်း၊ ငါးကြော်ဖို၊ အိုးဘိုရပ်ကွက်လုံးဆိုင်ရာ (၇၄)ကြိမ်မြောက် သက်ကြီးဝါကြီး ပူဇော်ပွဲရေစက်ချအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်ရှိ ငါးဆူကျောင်း၌ ကျင်းပသည်။

ယခုနှစ် လှူဒါန်းမှုမှာ အသက် ၇၀ နှင့်အထက် အဘိုး



အဘွား ၆၇၈ ဦးတို့ကို တစ်ဦးလျှင်ငွေကျပ် ၆၄၀၀၀၊ နာမကျန်းဘိုးဘွားလေးဦးအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀၊ အသက်အကြီးဆုံး အဘိုးနှင့် အဘွား နှစ်ဦးတို့ကို တစ်ဦးလျှင် ငွေကျပ် ၂၅၅၀၀၀ စုစုပေါင်းငွေကျပ် သိန်း ၃၃၀ ကျော် လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အသက်အကြီးဆုံးဖြစ်သည့် အဘိုး ဦးသိန်းဇော်(၉၈)နှစ်ကို ကပ္ပတိန်ဇော်ယုကလည်းကောင်း၊ အသက်အကြီးဆုံးဖြစ်သည့် အဘွား ဒေါ်ခင်နွဲ့(၁၀၁)နှစ်ကို ဂုဏ်ထူးဆောင်နာယကဦးကာစီ(ဝဲပုံ)ကလည်းကောင်းသီးခြားဂုဏ်ပြုကန်တော့ငွေကျပ် ၂၅၅၀၀၀ စီကို ပေးအပ်ကန်တော့ကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချတရားနာယူခဲ့ကြပြီး လမ်း၂၅ လမ်းမှ ကိုယ်စားလှယ်များက ကန်တော့ရန်အလှူငွေများကို လက်ခံရယူခဲ့ပြီး ကန်တော့ခံဘိုးဘွားများအား အိမ်တိုင်ရာရောက် လိုက်လံကန်တော့ခဲ့ကြသည်။

တင်ဝင်းတင်

## မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း (ပဲခူးတိုင်းဒေသကြီး)ရုံးခန်း ဖွင့်လှစ်ခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၉

မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း (ပဲခူးတိုင်းဒေသကြီး) (Myanmar International Arbitration Centre MIAC) (Bago Region) ရုံးခန်း ဖွင့်လှစ်ခြင်းအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ပန်းလှိုင်ရပ်ကွက် မင်းလမ်း အမှတ်-၁၅(က) Cover Star အဆောက်အအုံ၌ ဧပြီ ၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

### အမှာစကားပြောကြား

ဦးစွာ MIAC(ဗဟို)ဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းနှင့် ပဲခူးတိုင်းဒေသကြီး MIAC ဥက္ကဋ္ဌ ဦးခင်မောင်ရွှေတို့က အဖွင့်အမှာစကားပြောကြားပြီး မင်္ဂလာအချိန်တွင် MIAC(ပဲခူးတိုင်းဒေသကြီး) ဆိုင်းဘုတ်ကို နံ့သာရည်များပက်ဖျန်း၍ ဖွင့်လှစ်ပေးကြသည်။

MIAC(ခရိုင်ရုံးများ) ဖွဲ့စည်းရေးနှင့် ပတ်သက်၍ ရန်ကုန်တိုင်းအတွင်း ဆောင်ရွက်ခဲ့မှု အတွေ့အကြုံများကို MIAC (ရန်ကုန်တိုင်း) ဒုဥက္ကဋ္ဌ ဦးရဲညွန့်က ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် MIAC လုပ်ငန်းများဆောင်ရွက်နေမှု၊ ရှေ့ဆက်လက်ဆောင်ရွက်မှု အစီအစဉ်များနှင့် ပတ်သက်၍ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို MIAC(Research and Servay Committee) ဥက္ကဋ္ဌ ဦးကျူးခေါင်က ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မောင်မောင်(လှျပ်စစ်)

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အကြီးတန်း | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ |
| စာတည်းမှူး | - | ဦးဝင်းနိုင် | သတင်းထောက်များ | | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | အငယ်တန်း | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သတင်းထောက်များ | | ဦးသန်းတင်အောင် |
| | | | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - | ဦးနိုင်လင်းကြည်၊ | စာပြင် | - | ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| စာတည်းများ | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် ပင်လယ်နှစ်ခု ဆုံမှတ်တည်နေရာ အောင်မြေအထိမ်းအမှတ်ကျောက်တိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် ပင်လယ်နှစ်ခု ဆုံမှတ်တည်နေရာ အောင်မြေအထိမ်းအမှတ်ကျောက်တိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။



✪ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့နယ်သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ ကိုကိုးကျွန်းမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ရပ်မိရပ်ဖများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

**လက်ခံရယူ**

ထို့နောက် ကိုကိုးကျွန်းလေဆိပ်ဧည့်ခန်းမဆောင်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ကိုကိုးကျွန်းမြို့နယ်ရှိ ဒေသခံပြည်သူများ နေ့လယ်စာစားသုံးနိုင်ရန်အတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ကပ္ပလီပင်လယ်ပြင် (Andaman Sea)နှင့် ဘင်္ဂလားပင်လယ်အော် (Bay of Bengal) ပင်လယ်နှစ်ခုဆုံမှတ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် က ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် ပင်လယ်နှစ်ခုဆုံမှတ်တည်နေရာ အောင်မြေအထိမ်းအမှတ်ကျောက်တိုင်ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

တည်နေရာသို့ ရောက်ရှိကြရာ နယ်မြေခံ ရေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများ၊ ရေကြောင်းလူငယ်မောင်မယ်များနှင့် ဘင်ခရာအဖွဲ့တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပင်လယ်နှစ်ခုဆုံမှတ်တည်နေရာတွင် အောင်မြေအထိမ်းအမှတ် ကျောက်တိုင်ဖြစ်ပေါ်လာပုံနှင့် ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြပြီး အောင်မြေအထိမ်းအမှတ်ကျောက်တိုင်ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်(ရေ)တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကပ္ပလီပင်လယ်ပြင် (Andaman Sea) နှင့် ဘင်္ဂလားပင်လယ်အော် (Bay of Bengal) ပင်လယ်နှစ်ခုဆုံမှတ်တည်နေရာ အောင်မြေအထိမ်းအမှတ်ကျောက်တိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) က ပင်လယ်နှစ်ခုဆုံမှတ် တည်နေရာတွင် အောင်မြေအထိမ်းအမှတ်ကျောက်တိုင်ဖွင့်ပွဲ အထိမ်းအမှတ် အမှတ်တရ လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပင်လယ်နှစ်ခုဆုံမှတ် တည်နေရာ အောင်မြေအထိမ်းအမှတ်ကျောက်တိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**❖ ကိုကိုးကျွန်းသည် ကပ္ပလီပင်လယ်ပြင် (Andaman Sea)နှင့် ဘင်္ဂလားပင်လယ်အော်(Bay of Bengal) ဆက်စပ်နေရာတွင် တည်ရှိပြီး မင်္ဂလာကျွန်း၊ စလစ်ပါကျွန်း၊ ကြွက်ကျွန်း၊ ဂျယ်ရီကျွန်းနှင့် ကိုကိုးလေးကျွန်းများဖြင့် ပါဝင်ဖွဲ့စည်းထားပြီး ရန်ကုန်မြို့မှ ရေမိုင် ၂၄၂ မိုင်အကွာ၊ ဟိုင်းကြီးကျွန်းမှ ရေမိုင် ၁၂၅ မိုင်အကွာတွင် တည်ရှိသည့် ကျွန်းဖြစ်**

**ပါဝင်ဖွဲ့စည်းထား**

ကိုကိုးကျွန်းသည် ကပ္ပလီပင်လယ်ပြင် (Andaman Sea)နှင့် ဘင်္ဂလားပင်လယ်အော် (Bay of Bengal) ဆက်စပ်နေရာတွင် တည်ရှိပြီး မင်္ဂလာကျွန်း၊ စလစ်ပါကျွန်း၊ ကြွက်ကျွန်း၊ ဂျယ်ရီကျွန်းနှင့် ကိုကိုးလေးကျွန်းများဖြင့် ပါဝင်ဖွဲ့စည်းထားပြီး ရန်ကုန်မြို့မှ ရေမိုင် ၂၄၂ မိုင်အကွာ၊ ဟိုင်းကြီးကျွန်းမှ ရေမိုင် ၁၂၅ မိုင်အကွာတွင် တည်ရှိသည့် ကျွန်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် လာရောက်သည့် ကိုကိုးကျွန်းမြို့ ခရီးစဉ်တွင် ကပ္ပလီပင်လယ်ပြင် (Andaman Sea)နှင့် ဘင်္ဂလားပင်လယ်အော် (Bay of Bengal) ဆုံမှတ်နေရာ (Victorious Point) တွင် အထိမ်းအမှတ်ကျောက်တိုင်တစ်ခုကို စိုက်ထူရန် လမ်းညွှန်ချက်အရ ယခုကဲ့သို့ အောင်မြေအထိမ်းအမှတ် ကျောက်တိုင်ကို စိုက်ထူခဲ့ခြင်း ဖြစ်ကြောင်း၊ ဘင်္ဂလား ပင်လယ်အော်သည် အိန္ဒိယသမုဒ္ဒရာ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော အရှေ့မြောက်ဘက်ပိုင်း ရေပြင်ဖြစ်ကာ အနောက်နှင့် အနောက်မြောက်ဘက်တွင် အိန္ဒိယနိုင်ငံ၊ အရှေ့ဘက်တွင် မြန်မာနိုင်ငံ၊ တောင်ဘက်တွင် အက်ဒမန်နှင့် နီကိုဘားကျွန်းတို့ တည်ရှိကြောင်း၊ ဘင်္ဂလား ပင်လယ်အော်သည် ကမ္ဘာပေါ်ရှိ ပင်လယ်အော်များအနက် ရေပြင်အကျယ်ဆုံး ပင်လယ်အော်ဖြစ်ကြောင်း၊ ကပ္ပလီပင်လယ်ပြင် (Andaman Sea) သည် အိန္ဒိယသမုဒ္ဒရာ၏ အရှေ့မြောက် အစွန်အဖျားအကျဆုံး ရေပြင်ဖြစ်ကာ အရှေ့ဘက်တွင် မုတ္တမပင်လယ်ကွေ့တစ်လျှောက်ရှိ မြန်မာနိုင်ငံကမ်းရိုးတန်း၊ ထိုင်းနိုင်ငံ ကမ်းရိုးတန်းနှင့် မလေးကျွန်းဆွယ်၊ အနောက်ဘက်တွင် အက်ဒမန်နှင့်

စာမျက်နှာ ၄ သို့ »»




ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် တို့က ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် ပင်လယ်နှစ်ခုဆုံမှတ်တည်နေရာ အောင်မြေအထိမ်းအမှတ်ကျောက်တိုင်ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်ပင်လယ်နှစ်ခုဆုံမှတ်တည်နေရာ အောင်မြေအထိမ်းအမှတ်ကျောက်တိုင်ဖွင့်ပွဲအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံပင်လယ်ပြင်အတွင်းရိုက်ကူးထားသည့် ရေအောက်သဘာဝရှုခင်းများနှင့် ရေနေသတ္တဝါများကို မှတ်တမ်းတင်သုတေသနပြုရိုက်ကူးထားသည့် Documentary ဗီဒီယိုဖိုင်ကို ကြည့်ရှုကြရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

»»» **စာမျက်နှာ ၃ မှ**

နီကိုဘားကျွန်းတို့တည်ရှိကြောင်း၊ ကပ္ပလီ ပင်လယ်ပြင်၏ တောင်ဘက်အကျဆုံးနေရာတွင် နိုင်ငံတကာကုန်သွယ်ရေကြောင်း၏ အဓိကအရေးပါသည့် ရေလက်ကြားတစ်ခုဖြစ်သော မလ္လကာရေလက်ကြားနှင့်လည်း ဆက်စပ်တည်ရှိနေကြောင်း၊ ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် ဆက်စပ်နေရာဖြစ်သည့် ကိုကိုးကျွန်း၏ မြောက်ဘက်၌ ပါလီပါလဲ့ ရေလမ်းကြောင်း၊ တောင်ဘက်၌ ကိုကိုးရေလမ်းကြောင်းများ တည်ရှိပြီး ၎င်းရေလက်ကြားများမှ နှစ်စဉ် နိုင်ငံခြား ကုန်သွယ်ရေယာဉ် အစင်းရေ ၈၀၀၀ ခန့် ဖြတ်သန်းသွားလာလျက်ရှိသဖြင့် နိုင်ငံတကာရေကြောင်းကုန်သွယ်မှုအတွက် သာမက မြန်မာနိုင်ငံ၏ ရေကြောင်းအကျိုးစီးပွား အတွက်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း သိရှိရသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဗျိုင်းကျွန်းနှင့် ဂျယ်ရီကျွန်းကြား ဆက်စပ်မြေသားလမ်း ဖောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့ရှိ အကျဉ်းစခန်းဟောင်းနေရာနှင့် အဆောက်အအုံများအား မူလပုံစံအတိုင်း ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ဗီဒီယိုဖိုင်ကို ကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံရေတပ်စခန်းဌာနချုပ် အစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံ ပင်လယ်ပြင်အတွင်း ရိုက်ကူးထားသည့် ရေအောက်သဘာဝရှုခင်းများနှင့် ရေနေသတ္တဝါများကို မှတ်တမ်းတင်သုတေသနပြု ရိုက်ကူးထားသည့် Documentary ဗီဒီယိုဖိုင်ကို ကြည့်ရှုကြရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့နိုင်ငံမှ ပိုင်နက်ပင်လယ်ပြင်အတွင်းရှိ ရေအောက်သယံဇာတများ ပြုန်းတီးမှုမရှိစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း၊ ရေအောက်သယံဇာတများ ရေအောက်ရှုခင်းများကို ထုတ်ဖော်ဆောင်ရွက်ခြင်းဖြင့် ခရီးသွားလုပ်ငန်းကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ရေနေသတ္တဝါများ ပြုန်းတီးမှုမရှိစေရေး ပင်လယ်ပြင်အတွင်း ငါးဖမ်းလုပ်ငန်းဆောင်ရွက်သူများအနေဖြင့် သတ်မှတ်ထားသည့် ဥပဒေများကို ကျော်လွန်၍ တရားမဝင် ဖမ်းဆီးမှုများမပြုလုပ်စေရေးနှင့် ရေနေသတ္တဝါများကို ထိခိုက်စေနိုင်သည့် ဖမ်းဆီးမှုမျိုးများ မပြုလုပ်စေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း၊ နိုင်ငံပိုင်နက် ပင်လယ်ပြင်အတွင်း ရှားပါးရေနေသတ္တဝါများကို ဖော်ထုတ်၍ မှတ်တမ်းတင်ဆောင်ရွက်ခြင်းများ ပြုလုပ်ရန် လိုကြောင်း၊ အလားတူ မိမိတို့နိုင်ငံရှိ ပင်လယ်ပြင်အတွင်းရှိသည့် ရေအောက်သယံဇာတများနှင့် ရေနေသတ္တဝါများကို ပြည်သူများ သိရှိစေရေး ဗီဒီယိုမှတ်တမ်းများ ရိုက်ကူး၍ ထုတ်ဖော်ပြသပေးရန်နှင့် ရေသယံဇာတနှင့် ရေသတ္တဝါများ ပြုန်းတီးမှုမရှိစေရေး ပညာပေးအစီအစဉ်များကို ထုတ်လွှင့်ဖော်ပြသွားရန်လိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များ ကိုကိုးကျွန်းမြို့ရှိ အကျဉ်းစခန်းဟောင်းနေရာနှင့် အဆောက်အအုံများအား မူလပုံစံအတိုင်း ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**သတင်းစဉ်**

# ကိုကိုးကျွန်းဒေသသည် သဘာဝအလှအပများစွာ တည်ရှိနေသည့်အတွက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများရှိ

## ဒေသတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်မှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သဖြင့် အားထည့်ဆောင်ရွက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုကိုးကျွန်းမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံအမှာစကား ပြောကြားစဉ်။

**နေပြည်တော် မေ ၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ရပ်မိရပ်ဖများအား မြို့တော်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ ကိုကိုးကျွန်းမြို့နယ်ရှိ ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများက ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ တင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နှစ်သစ်အခါသမယတွင် ကိုကိုးကျွန်းဒေသရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရန် နှုတ်ခွန်းဆက်သပါကြောင်း၊ မိမိအနေဖြင့် ၂၀၁၂ ခုနှစ် မေ ၈ ရက်တွင် ကိုကိုးကျွန်းမြို့နယ်သို့ ပထမဆုံးအကြိမ်ရောက်ရှိခဲ့ပြီး ယခုအကြိမ်သည် ၁၉ ကြိမ်မြောက် ရောက်ရှိခြင်းဖြစ်ပါကြောင်း၊ ကိုကိုးကျွန်းဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်အနေဖြင့် များစွာကူညီဆောင်ရွက်ပေးခဲ့ပြီး လက်ရှိအချိန်တွင် ကိုကိုးကျွန်းဒေသသည် လွန်ခဲ့သည့် ၁၁ နှစ်တာကာလထက် အဆပေါင်းများစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်ကို တွေ့ရှိရသည့်အတွက်လည်း ဝမ်းမြောက်မိပါကြောင်း။

**ပူးပေါင်းကြိုးပမ်းဆောင်ရွက်**

ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်နှင့် အစိုးရမှ တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံများအနေဖြင့်လည်း ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ ကိုကိုးကျွန်းဒေသသည် လမ်းပန်းဆက်သွယ်မှုခက်ခဲသည့် ဒေသတစ်ခုဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် ထိုက်သင့်သလောက် မဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံရေးအစိုးရလက်ထက်တွင် ကိုကိုးကျွန်းဒေသ၌ အချင်းချင်း စည်းလုံးညီညွတ်မှု အားနည်းချက်များရှိကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးသည်လည်း နှောင့်နှေးခဲ့ရကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုကိုးကျွန်းမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

မိမိအနေဖြင့် ကိုကိုးကျွန်းသို့ ပထမဆုံးအကြိမ် ရောက်ရှိသည့်အချိန်ကတည်းကပင် ကိုကိုးကျွန်းဖွံ့ဖြိုး တိုးတက်ရေးအတွက် တတ်စွမ်းသရွေ့ကူညီဆောင်ရွက်ပေးမည်ဟု ပြောကြားခဲ့ပြီး ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် များစွာ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ ယနေ့တွင်လည်း ကပ္ပလီပင်လယ်ပြင် (Andaman Sea) နှင့် ဘင်္ဂလားပင်လယ်အော် (Bay of Bengal) ပင်လယ်နှစ်ခု ဆုံမှတ်တည်နေရာတွင် အောင်မြေအထိမ်းအမှတ်ကျောက်တိုင်ကို စိုက်ထူခဲ့ကြောင်း၊ ယခုကဲ့သို့ ပင်လယ်နှစ်ခုဆုံမှတ်တည်နေရာအပါအဝင် ကိုကိုးကျွန်းဒေသသည် သဘာဝအလှအပများ များစွာတည်ရှိနေသည့်အတွက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကြိုးပမ်း ဆောင်ရွက်နေမှုများရှိကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝအလှအပများကို ဖော်ထုတ်ထိန်းသိမ်းလျက်ရှိသည့်အပြင် အုန်းပင်စိုက်ပျိုးမှုများနှင့် ကိုကိုးပင် စိုက်ပျိုးမှုများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကိုကိုးကျွန်းမြို့ရှိ နယ်မြေခံ ရေတပ်စခန်းဌာနချုပ်၌ စမ်းသပ်စိုက်ပျိုးထားသည့် ကိုကိုးပင်များသည် နောင်နှစ်အနည်းငယ် အတွင်း အသီးအပွင့် အကျိုးရလဒ်များကို ခံစားနိုင်မည် ဖြစ်ကြောင်း၊ တပ်မတော်၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်း မဟုတ်ဘဲ ကိုကိုးကျွန်းရှိ ဒေသခံများအတွက် အကျိုးစီးပွားကို ဖြစ်ပေါ်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ နွားမွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဆောင်ရွက်ခြင်းဖြင့် ဒေသအကျိုးကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ ဒေသတွင်း စီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်မှသာလျှင် ဒေသနှင့် ဒေသခံများ ဝင်ငွေရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်မှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သဖြင့် အားထည့်ဆောင်ရွက်ကြစေလိုကြောင်း။

ကိုကိုးကျွန်းဒေသ၌ ပညာရေးနှင့် ပတ်သက်၍လည်း အားနည်းမှုများ ရှိနေဆဲဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အခြေခံပညာအဆင့်၌ သင်ကြားသင်ယူမှုများ ဆောင်ရွက်ရာတွင် ပို့ချသင်ကြားခြင်း (Teaching)ကို အဓိကထား ဆောင်ရွက်ရပြီး အဆင့်မြင့် ပညာအဆင့် သင်ကြားသင်ယူမှုများ ဆောင်ရွက်ရာတွင် တွေးခေါ်လေ့လာသင်ကြားခြင်း (Studying) ကို အဓိကထားဆောင်ရွက်ကြကြောင်း၊ **စာမျက်နှာ ၇ သို့** ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုကိုးကျွန်းမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအား မြန်မာ့ရိုးရာအတာသင်္ကြန်ရေများဖြင့် ပက်ဖျန်း၍ နှစ်သစ်ကို အတူတကွရင်းနှီးနွေးထွေးစွာ ပျော်ပျော်ရွှင်ရွှင်ကြိုဆိုစဉ်။

# ကိုကိုးကျွန်းဒေသသည် ယခင်ကထက်များစွာ တိုးတက်ပြောင်းလဲလာ

## ဒေသအကျိုး၊ ဒေသခံများ၏အကျိုးစီးပွားကို ယခုထက် ပိုမိုဖော်ဆောင်နိုင်ရေး ဆက်လက်ကြိုးပမ်း

**နေပြည်တော် ဧပြီ ၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် ကိုကိုးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

**အခြေခံကောင်းများကိုရရှိ**

ထိုသို့ တွေ့ဆုံ အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် မိမိတို့၏ သားသမီးများကို နွေရာသီကျောင်းပိတ်ရက်ကာလအား အကျိုးရှိရှိ အသုံးချနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဘင်ခရာသင်တန်းနှင့် မြန်မာ့သိုင်း အခြေခံသင်တန်းများကို ဖွင့်လှစ်သင်ကြားနေသည်ဟု သိရကြောင်း၊ ဗုဒ္ဓဘာသာ အခြေခံသင်တန်းနှင့် ကွန်ပျူတာ အခြေခံသင်တန်း ဖွင့်လှစ်ခြင်းများ၊ ယခင်ပညာသင်နှစ်တွင် သင်ကြားခဲ့ရသည့် သင်ခန်းစာများကို ပြန်လည်ဖတ်မှတ်ခြင်းများကိုလည်း ပြုလုပ်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မိမိတို့၏ သားသမီးများကို ကောင်းမွန်သည့် ပညာအမွေများ ပေးနိုင်ရမည်ဖြစ်ပြီး ငယ်စဉ်ကလေးဘဝမှစ၍ စနစ်တကျဖြင့် သွန်သင်ကြပ်မတ်နေရန်လိုကြောင်း၊ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းပညာရေးကို သင်ယူပြီး ကျောင်းတက်ရက် မှန်စေရေးနှင့် အခြေခံပညာများကို အမှန်တကယ် တတ်မြောက်စေရေးအတွက် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထိုမှတစ်ဆင့် ၎င်းတို့အတွက် ပညာရေးနှင့် ပတ်သက်၍ အခြေခံကောင်းများကို ရရှိသွားရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ကိုကိုးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို မြန်မာ့ရိုးရာအတာသင်္ကြန်ရေများ ပက်ဖျန်း၍ နှစ်သစ်ကို အတူတကွ ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြစဉ်။

**ဆုမွန်ကောင်းတောင်း**

မြန်မာ့ရိုးရာ အတာသင်္ကြန်ကာလကို ပျော်ပျော်ရွှင်ရွှင်ဖြင့် ဖြတ်သန်းကြစေလိုပြီး စည်းကမ်းစနစ်တကျဖြင့် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းရန်လိုကြောင်း၊ မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သကဲ့သို့ မိမိတို့အပန်းဖြေ နေထိုင်ရမည့် အားလပ်ရက်များကိုလည်း ပျော်ရွှင်စွာဖြင့် ဖြတ်သန်းကြရန်လိုကြောင်း၊ ကိုကိုးကျွန်းဒေသသည် ယခင်ကထက်များစွာ တိုးတက် ပြောင်းလဲလာသည်ကို တွေ့ရှိရပြီး မိမိတို့ အကြီးအကဲများက လိုအပ်သည်များ ဖြည့်ဆည်းပေးခြင်းထက် ဒေသခံများနှင့် အတူ နယ်မြေခံတပ်များ၏ ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းကြောင့်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ကိုကိုးကျွန်းဒေသ ယခုထက် ဖွံ့ဖြိုးတိုးတက်စေရေး ဒေသခံပြည်သူများနှင့် စုစည်းညီညွတ်စွာဖြင့် ဒေသအကျိုး၊ ဒေသခံများ၏ အကျိုးစီးပွားကို ယခုထက် ပိုမိုဖော်ဆောင်နိုင်ရေး ဆက်လက်ကြိုးပမ်းသွားကြရန် လိုကြောင်း၊ နှစ်သစ်အခါသမယတွင် အရာရှိ၊ စစ်သည်၊ မိသားစုများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်းနှင့် အောင်မြင်မှုများ ဆတက်ထမ်းပိုးရရှိနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ကိုကိုးကျွန်းတပ်နယ်မှ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

**ချီးမြှင့်ငွေများ ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းအတွက် ချီးမြှင့်ငွေများကို လည်းကောင်း ပေးအပ်ရာ နယ်မြေခံ ရေတပ်စခန်းဌာနချုပ်မှူးနှင့်ဇနီးတို့က လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများကို မြန်မာ့ရိုးရာ အတာသင်္ကြန်ရေများ ပက်ဖျန်း၍ နှစ်သစ်ကို အတူတကွ ရင်းနှီးနွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ကိုကိုးကျွန်း တပ်နယ်အတွင်း စိုက်ပျိုးမွေးမြူရေး အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၇ သို့ ✪

❂ စာမျက်နှာ ၆ မှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ စမ်းသပ်စိုက်ပျိုးထားသည့် ကိုကိုးစိုက်ခြံ အမှတ်(၁) ၁ ဒသမ ၆၆ ဧကနှင့် စိုက်ခြံ အမှတ်(၂) ၃ ဒသမ ၃၄ ဧကတို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကိုကိုးပင်များကို ထားဝယ်ဒေသတွင် အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးလျက်ရှိသည်ကို တွေ့ရပြီး ရေခံမြေခံသဘောတူညီသည့် ကိုကိုးကျွန်းတွင်လည်း အောင်မြင်စွာ စိုက်ပျိုးနိုင်မည့် အခြေအနေများရှိကြောင်း၊ ကိုကိုးစေ့ကို ချောကလက်ပြုလုပ်ရာတွင် အဓိကအသုံးပြုပြီး ကျန်းမာရေးဆိုင်ရာ ကောင်းကျိုးများ အများအပြားကိုလည်း ပေးစွမ်းနိုင်ကာ ဈေးကွက်လိုအပ်ချက် များစွာရှိကြောင်း၊ ကိုကိုးပင်ကို ဒေသတွင်း၌ အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်ပါက ဒေသဖွံ့ဖြိုးတိုးတက်မှုများကိုလည်း များစွာအထောက်အကူ ဖြစ်စေနိုင်မည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များ မှာကြားသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းတပ်နယ်မှ စမ်းသပ်စိုက်ပျိုးထားသည့် ကိုကိုးစိုက်ခြံကို ကြည့်ရှုစစ်ဆေးစဉ်။

### လမ်းညွှန်မှာကြား

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ၇ မိုင် လိပ်သားဖောက်စခန်းနှင့် နယ်မြေခံရေတပ်စခန်းဌာနချုပ် လိပ်မွေးမြူရေးစခန်းတို့သို့ ရောက်ရှိကြပြီး လိပ်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကိုကိုးကျွန်းဒေသအတွင်း ပင်လယ်လိပ်များ စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် သုံးနှစ်သားအရွယ်ရှိ ပင်လယ်လိပ်ကြီး နှစ်ကောင်ကို မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်အကြိုကာလ ဇီဝိတဒါနအဖြစ် ပင်လယ်အတွင်းသို့ ကုသိုလ်ပြု လွှတ်ပေးကြသည်။ အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူလိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် ဇနီးများသည်လည်း ပင်လယ်လိပ်များကို ဇီဝိတဒါနအဖြစ် ပင်လယ်အတွင်းသို့ လွှတ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံရေတပ်စခန်းဌာနချုပ်၊ ဒေသနွားမွေးမြူရေးခြံသို့ ရောက်ရှိကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ကိုကိုးကျွန်းဒေသ၏ အသားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဒေသနွားမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် တိုးချဲ့မွေးမြူသွားရန်၊ အစာကျွေးမွေးမှုများ စနစ်တကျရှိရန်တို့နှင့်ပတ်သက်၍ တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ ကိုကိုးကျွန်းတပ်နယ် နယ်မြေခံ ရေတပ်စခန်းဌာနချုပ် ဒေသနွားမွေးမြူရေးခြံတွင် ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ သုံးနှစ်သားအရွယ် ပင်လယ်လိပ်ကြီးအား မြန်မာ့ရိုးရာ နှစ်သစ်ကူး အတာသင်္ကြန်အကြိုကာလ ဇီဝိတဒါနအဖြစ် ကုသိုလ်ပြုလွှတ်ပေးစဉ်။

❍ စာမျက်နှာ ၅ မှ

ထို့ကြောင့်ကျောင်းသားကျောင်းသူများ အတွေးအခေါ် ကောင်းမွန်စေရေးနှင့် ပညာရပ်များကို မှန်ကန်စွာ တတ်မြောက်စေရေး စနစ်တကျ သင်ကြားပေးကြစေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ အတွေးအခေါ်များ ကောင်းမွန်လာမည်ဆိုပါက ၎င်းတို့၏ဘဝ ကောင်းမွန်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စာဖတ်မှ သာလျှင် ပညာတတ်မည်ဖြစ်သဖြင့် စာပေလေ့လာဖတ်ရှုခြင်း နှင့် စာဖတ်အား မြှင့်တင်ခြင်းများကို ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့ တပ်မတော်အတွင်းရှိ ကျောင်းသား ကျောင်းသူများကိုလည်း နွေရာသီကျောင်းပိတ်ရက်ကာလများကို အကျိုးရှိစွာ အသုံးချနိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဌာနဆိုင်ရာများ အနေဖြင့် ဒေသတွင်းမှ ဝင်ရောက်အမှုထမ်းသူများနှင့် ပြင်ပဒေသများမှ လာရောက်တာဝန်ထမ်းဆောင်ရသူများရှိကြောင်း၊ ဒေသတွင်း တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာများအနေဖြင့် မိမိတို့ ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများ၊ ဗဟုသုတများ အကျိုးရှိစွာ အသုံးချ၍ ကိုကိုးကျွန်းဒေသ၏ ကောင်းရာကောင်းကျိုး များကို ထမ်းဆောင်ကြရန်လိုပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများတွင် အကြံပြုချက်ကောင်းများကို ပေးနိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့၏ အသိပညာများကို မျှဝေပေးခြင်းသည် ကုသိုလ်ကောင်းမှုတစ်ခုကို ပြုလုပ်ခြင်းပင် ဖြစ်ကြောင်း၊ ကိုကိုးကျွန်းဒေသတွင် နေထိုင်ကြသည့် မိဘပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများအားလုံး နှစ်သစ်တွင် အောင်မြင်မှုများ ရရှိကြပါစေကြောင်း၊ ယခုထက် ပိုမိုအောင်မြင်ပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုထက် ပိုမိုကြိုးစား ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြား လိုပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာ ပေးအပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဆန်းမင်းက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအား မြန်မာ့ရိုးရာ အတာသင်္ကြန်ရေများဖြင့် ပက်ဖျန်း၍ နှစ်သစ်ကို အတူတကွ ရင်းနှီးနွေးထွေးစွာ ပျော်ပျော်ရွှင်ရွှင် ကြိုဆိုခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့တွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြရာ လမ်းတစ်လျှောက် ပြည်သူများက ခင်မင်ရင်းနှီးစွာဖြင့် လက်ပြနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြိတ်ခရိုင်နှင့် မြိတ်မြို့နယ် ဥပဒေရုံးအဆောက်အအုံသစ် ဖွင့်ပွဲကျင်းပ

**နေပြည်တော် မေ ၉**

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တာဝန်ရှိသူများနှင့်အတူ မေ ၇ ရက် နံနက်ပိုင်းက မြိတ်ခရိုင်ဥပဒေရုံးနှင့် မြိတ်မြို့နယ်ဥပဒေရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ရုံးအဆောက်အအုံသစ်ကို ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီး၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းသန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကို ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြ ရုံးအဆောက်အအုံသစ်ကို ကြည့်ရှုကြသည်။



မြိတ်ခရိုင် ဥပဒေရုံးနှင့် မြိတ်မြို့နယ် ဥပဒေရုံး အဆောက်အအုံသစ်သည် အလျား ၄၄ ပေ၊ အနံ ၅၉ ပေ RC လေးထပ် အဆောက်အအုံဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၏ တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၄၅၂ ဒသမ ၂၁၄ သန်းဖြင့် နောင်ရိုးမြန်မာဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်မှ တာဝန်ယူ၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် တိုင်းဒေသကြီးဥပဒေချုပ်၊ ဥပဒေရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများ၊ ဝန်ထမ်းများကို တွေ့ဆုံရာ တိုင်းဒေသကြီးဥပဒေချုပ်က တိုင်းဒေသကြီး၏ လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေရေးရာဝန်ကြီးဌာနသည် ဥပဒေဝန်ဆောင်မှုများပေးခြင်းဖြစ်ပြီး ဥပဒေစာအုပ်၊ ဥပဒေသင်တန်း၊ ဥပဒေသတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း၊ ဥပဒေအကြံဉာဏ်ပေးခြင်း၊ အစိုးရကိုယ်စား အမှုလိုက်ပါ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဥပဒေအရာရှိများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို သိရှိလိုက်နာဆောင်ရွက်ကြရန်နှင့် အဂတိကင်းရှင်းစွာ ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဥပဒေရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းပြောကြားကြသည်။ ယင်းနောက်တက်ရောက်လာကြသည့် ဥပဒေအရာရှိများက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး ဥပဒေချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲတီစိမ်းနှင့် နှမ်းစပါး စီမံကိန်းနှင့် ဆီထွက်သီးနှံနေကြာ တိုးချဲ့စိုက်ပျိုးရေးစီမံကိန်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၉**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပဲတီစိမ်းနှင့် နှမ်းစပါးစီမံကိန်းနှင့် ဆီထွက်သီးနှံနေကြာတိုးချဲ့စိုက်ပျိုးရေးစီမံကိန်းဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။





အစည်းဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဒေါက်တာတင်ထွဋ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် စိုက်ပျိုးရေး လုပ်ငန်းတာဝန်ခံဆောင်ရွက်နေသည့် ပြည်နယ်/တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများကအွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က **"နိုင်ငံ၏စီးပွားရေးအခြေအနေကောင်းများ ဖန်တီးနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်"** ဆိုသည် နိုင်ငံတော်၏ မူဝါဒနှင့်အညီ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်းဝင်ငွေ တိုးတက်စေရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေထူထောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးသုံးခုတွင် ဆောင်ရွက်ခဲ့သည့် ပဲတီစိမ်းသီးနှံမှာ ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ တောင်သူများကလည်း သီးနှံများ ပြန်လည်ပေးသွင်းနေကြပြီ ဖြစ်ကြောင်း၊ နှမ်းစပါးသီးနှံကို နေပြည်တော်၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်နဲ့ ဧရာဝတီတိုင်းဒေသကြီး ခုနစ်ခုတွင် ဆောင်ရွက်ခဲ့ပြီး အောက်မြန်မာပြည်၌ မကြာမီ နှမ်းစပါး ရိတ်သိမ်းတော့မည်ဖြစ်၍ တောင်သူများ စာချုပ်ပါစည်းကမ်းများနှင့်အညီ သီးနှံပြန်လည်ပေးသွင်းနိုင်ရေးနှင့် နိုင်ငံတော်၏ ဘဏ္ဍာ ဆုံးရှုံးမှုမရှိစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များက ကြီးကြပ် ဆောင်ရွက်ပေးစေလိုကြောင်း။

စီမံကိန်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ကာလအတွင်း ရာသီအချိန်မီ ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိ၍ ရာနှုန်းပြည့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိသော်လည်း ဆောင်ရွက်ပြီး လုပ်ငန်းများမှ ရရန်ရှိသည့်ချေးငွေများ အပြည့်အဝ ပြန်လည်ကောက်ခံရရှိရေးနှင့် ကောက်ခံရရှိလာမည့် အရင်းမပျောက် မတည်ရန်ပုံငွေကို လာမည့်ရာသီတွင် အကျိုးရှိအောင် အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်သင့်သည့် အစီအမံများကို ဆွေးနွေးကြရန် ဖြစ်ကြောင်း။

အလားတူ အထက်မြန်မာပြည် ဒေသများဖြစ်သည့် နေပြည်တော်၊ စစ်ကိုင်း၊ မန္တလေး၊ မကွေးတိုင်းဒေသကြီးများ၏ နှမ်းစပါးစိုက်ပျိုးရာသီတွင် တောင်သူများထံ သွင်းအားစုများ အချိန်မီထောက်ပံ့နိုင်ရေးအပြင် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အတိုင်း သီးနှံများအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးကို အထောက်အပံ့ ဖြစ်စေရန် ရည်ရွယ် ဆောင်ရွက်ခြင်းဖြစ်၍ မျိုးကောင်းမျိုးသန့် သုံးစွဲရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ သွင်းအားစုများ စနစ်တကျ ထည့်သွင်းရေး လုပ်ငန်းများကိုလည်း သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်လုပ်ငန်းအဖွဲ့များကို ကြီးကြပ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ဒုတိယပိုင်းအနေဖြင့် ဆီထွက်သီးနှံနေကြာ တိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းကို ပြည်ထောင်စုဝန်ကြီးငါးဦးပါဝင်သော "စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးကော်မတီ" ကို ဖွဲ့စည်းပြီး တောင်သူများ စိုက်ပျိုးစရိတ်ချေးငွေ တစ်ဧကလျှင် တစ်သိန်းခွဲကျပ်နှုန်း ရရှိရေး၊ နေကြာ မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ဈေးနှုန်းနှင့် ဈေးကွက် သေချာစေရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် နေကြာစိုက်ပျိုးနိုင်မည့် ဧရိယာများ စိစစ်ကြီးကြပ်ရန် ဖြစ်ကြောင်း။

စိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးမည့် အစီအစဉ်အစား နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် ပဲတီစိမ်း၊ နှမ်းစပါးစီမံကိန်းကဲ့သို့ အစီအမံများဖြင့် ပြောင်းလဲဆောင်ရွက်နိုင်ရန် ဒေသတွင်းရှိ သွင်းအားစုအစုအဖွဲ့များ၊ ဆီစက်လုပ်ငန်းရှင် အစုအဖွဲ့များနှင့် ကြိုတင်ညှိနှိုင်းပြီး နေကြာသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက်ဆောင်ရွက်မည့်အစီအစဉ်အပေါ် တိုင်းဒေသကြီး ပြည်နယ် အစိုးရအဖွဲ့များကလည်း ဆောင်ရွက်လိုသည့် အစီအစဉ်များကို ယနေ့ အစည်းအဝေးတွင် ထည့်သွင်း ဆွေးနွေးကြစေလိုကြောင်း၊ အလားတူ ယခု ၂၀၂၃-၂၀၂၄ ခုနှစ် ရာသီတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးသီးနှံအတွက် ဆောင်ရွက်လိုကြောင်း အဆိုပြုတင်ပြလာမည်ဆိုပါက မိမိတို့စိစစ်၍ သုံးသပ်ချက်နှင့်တကွ တင်ပြပြီး ခွင့်ပြုချက် တောင်းခံသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပဲတီစိမ်းနှင့် နှမ်းစပါးစီမံကိန်းနှင့် ဆီထွက်သီးနှံနေကြာတိုးချဲ့စိုက်ပျိုးရေးစီမံကိန်းဆိုင်ရာကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများက သက်ဆိုင်ရာဒေသအလိုက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပဲတီစိမ်းနှင့် နှမ်းစပါးစီမံကိန်းနှင့် ဆီထွက်သီးနှံနေကြာ တိုးချဲ့စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းရပ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် အစည်းအဝေးတက်ရောက်လာကြသူများက ညှိနှိုင်းပေါင်းစပ်ဆွေးနွေးကြသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း-ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့များသို့ မတည်ထောက်ပံ့ငွေထုတ်ပေးခြင်း၊ တိုက်ရိုက်ထုတ်ချေးခြင်း စသည့်ပုံစံများဖြင့် ဆောင်ရွက်ခဲ့ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ငွေကျပ် ၂၃၀ ဘီလီယံ ရရှိခဲ့ပြီး ပဲတီစိမ်း တစ်ဧကလျှင် ငွေကျပ် ၁၂၀၀၀၀ နှုန်းဖြင့် ဧကငါးသိန်းအတွက် ငွေကျပ် ၆၀ ဘီလီယံ၊ နှမ်းစပါးတွင် တစ်ဧကလျှင် နှစ်သိန်းနှုန်းဖြင့် ဧက ၈၅၀၀၀၀ အတွက် ငွေကျပ် ၁၇၀ ဘီလီယံဖြင့် တောင်သူများသို့ ငွေသားဖြင့် ထုတ်မချေးဘဲ ချေးငွေပမာဏနှင့် တူညီသော သွင်းအားစုများကိုသာ ထုတ်ပေးရန် စီမံဆောင်ရွက်ခဲ့ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာတွင် ပဲတီစိမ်းဧက ၄၈၀၀၀၀ ကျော်၊ နှမ်းစပါးဧက ၇၈၀၀၀၀ ကျော် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ငွေကျပ် ၂၁၄ ဒသမ ၂ ဘီလီယံ သုံးစွဲဆောင်ရွက်သွားမည်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ အနီးကပ်ကြီးကြပ်မှုဖြင့်သွင်းအားစုအစုအဖွဲ့များမှတစ်ဆင့် လိုအပ်သည့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးခဲ့ကြောင်း၊ ဝယ်ယူကြိတ်ခွဲရောင်းချသူ အစုအဖွဲ့များက ပြန်လည်ဝယ်ယူ၍ ပေးသွင်းနိုင်ရန်နှင့် ဝန်ဆောင်ခအနေဖြင့် ချေးငွေ၏ တစ်ရာနှုန်းကိုပေးသွင်းရန် သတ်မှတ်ထားပြီး သွင်းအားစုအစုအဖွဲ့များက သုည ဒသမ ၅ ရာနှုန်းနှင့် ဝယ်ယူကြိတ်ခွဲရောင်းချသူ အစုအဖွဲ့များက သုည ဒသမ ၅ ရာနှုန်း ပေးသွင်းရန်အပါအဝင် အစီအစဉ်များ ရေးဆွဲဆောင်ရွက်ခဲ့ရာ ယနေ့ထိ ပဲတီစိမ်း ဧက ၃၃၀၀၀၀ ကျော်နှင့် နှမ်းစပါးဧက ၆၂၀၀၀၀ ကျော် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် ဧပြီ ၉**

၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်တို့အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**အနုပညာရှင်များကိုယ်တိုင် စိစစ်ရွေးချယ်**

ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ဖြစ်ကြောင်း၊ လုပ်ဆောင်ရမည့်လုပ်ငန်းများကို နောက်ထပ် အစည်းအဝေး ထပ်လုပ်ရန် အချိန်မရှိတော့သည့်အတွက် လုပ်ဆောင်သင့်သည့်လုပ်ငန်းများကို အတည်ပြုဆွေးနွေးကြရန်နှင့် အချိန်မီဆောင်ရွက်ပေးကြရန် ဖြစ်ကြောင်း၊ မိမိအနေဖြင့် မြန်မာ့ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပမည့်နေရာသို့ ကိုယ်တိုင်သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ၊ Fashion Award ဆုများ ပေးအပ်ချီးမြှင့်ရာတွင် မှန်မှန်ကန်ကန် စိစစ်ရွေးချယ်ပေးရန်လိုကြောင်း ဆုများရွေးချယ်မှုကို မိမိတို့ဝန်ကြီးဌာနက စိစစ်ရွေးချယ်ခြင်း မဟုတ်ဘဲ ရုပ်ရှင်အတတ်ပညာရှင်၊ အနုပညာရှင်များကိုယ်တိုင် စိစစ်ရွေးချယ်ခြင်းဖြစ်သည်ကို အားလုံးသိရှိစေလိုကြောင်း။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲနှင့်ပတ်သက်၍ မသမာသူအဖျက်သမားများနှင့် အကြမ်းဖက်အဖွဲ့အစည်းများက နည်းမျိုးစုံဖြင့် ဝေဖန်ပြစ်တင်နှောင့်ယှက်ဟန့်တားမှုများ ဆောင်ရွက်နေကြကြောင်း၊ မိမိတို့အားလုံးသည် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေး၊ ထူးချွန်အနုပညာရှင်များအား ဆုများ ပေးအပ်ချီးမြှင့်ရေးကို ရိုးသားဖြူစင်သော စေတနာအပြည့်ဖြင့် လုပ်ဆောင်နေခြင်းဖြစ်သဖြင့် ယခုကျင်းပမည့် ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကြီးကို အောင်မြင်အောင် အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မည်သည့်အခက်အခဲများ ကြုံတွေ့နေရသည်ဖြစ်စေ မိမိတို့အားလုံး စည်းလုံးညီညွတ်စွာဖြင့် ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကြီးကို ခမ်းခမ်းနားနား ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပါဝင်ကူညီဆောင်ရွက်ကြမည့် ရွှေကြိုမောင်မယ်များအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ သွားရောက်ပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပါဝင်ကူညီဆောင်ရွက်ကြမည့် ရွှေကြိုမောင်မယ်များ၏ အနုပညာစွမ်းရည်ပြသမှုကို ကြည့်ရှုအားပေးကာ ရွှေကြိုမောင်မယ်များကို အားပေးစကားပြောကြားရာတွင် ယခုကဲ့သို့ ရုပ်ရှင်အနုပညာလောကအတွက် မျိုးဆက်သစ်မောင်မယ်များကို ပြုစုပျိုးထောင်ပေးနိုင်သည့်အတွက် ဝမ်းမြောက်မိကြောင်း၊ ယခု ရွှေကြိုမောင်မယ်များသည် နောင်တစ်ချိန်တွင် ပြည်သူ ချစ်ခင်နှစ်သက်ပြီး ထင်ရှားကျော်ကြားသည့် အနုပညာရှင်များ ဖြစ်လာမည်ဟု ယုံကြည်ကြောင်း။

အနုပညာရှင်များသည် အနုပညာလုပ်ငန်းများတွင်သာ အာရုံစူးစိုက် ဆောင်ရွက်ရန်လိုပြီး နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို အလေးထားဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ရုပ်ရှင်အနုပညာလောက ပြန်လည်နိုးထသက်ဝင်လာစေရေးနှင့် အနုပညာလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ယနေ့အချိန်တွင် ရုပ်ရှင်အနုပညာနယ်ပယ်၌ မျိုးဆက်သစ်မောင်မယ်များကို နေရာပေးရိုက်ကူးတင်ဆက်မှုများ ရှိလာသည့်အတွက် မိမိ၏အနုပညာအစွမ်းအစကို ကြိုးစားမြှင့်တင်ခြင်းအားဖြင့် အောင်မြင်သောအနုပညာရှင်များ ဖြစ်ပါစေကြောင်း ပြောကြားပြီး နှစ်သစ်ကူးလက်ဆောင်များ ပေးအပ်ခဲ့သည်။

**သတင်းစဉ်**

## မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် တန်ခူးလဆုတ်(၉)ရက်နေ့မှ (၁၂)ရက်နေ့အထိ (၂၀၂၃ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများ သတိပြုရန်အချက်များ

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများ လိုက်နာရန်-
- (၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
- (၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
- (၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ် မမောင်းရ။
- (၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
- (၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝမပြုရ။
- (၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
- (၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင် (ဗီးတက်)မပါဘဲ မမောင်းရ။
- (၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသော ယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
- (၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
- (၁၀) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မှ စီးနင်းခြင်း လုံးဝမပြုရ။
- (၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝ မတီးရ။
- (၁၂) ပစ်ကပ်ယာဉ်များ(လိုက်ထရပ်/မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့်ဝန်အလေးချိန် (လူဦးရေ)ထက် ပိုမိုတင်ဆောင် မောင်းနှင်ခြင်း မပြုရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူမည်။

(ဂ) ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ၊ မရှိ အရက်မူးတိုင်းကိရိယာ(Alcohol Tester)ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဃ) သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ် စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည် ဖြစ်ပါသည်။

(င) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် CCTV camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား အဆိုပါ ကင်မရာများဖြင့်ရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(စ) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်"

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် တန်ခူးလဆုတ်(၉)ရက်နေ့မှ (၁၂)ရက်နေ့အထိ (၂၀၂၃ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့ အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ ရေကစားခြင်း၊ သင်္ကြန်ယိမ်းအကအလှ ဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်ရာ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လည်းကောင်း၊ ဆူးလေဘုရားလမ်းအား အနော်ရထာလမ်းမှကုန်သည်လမ်းအထိလည်းကောင်း နံနက် ၀၇:၀၀ အချိန်မှ ညနေ ၁၈:၀၀ အချိန်အထိ ခေတ္တလမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ

## သုတကျော်

(ယမန်နေ့မှအဆက်)

**နိုင်ငံရေးပါတီများ စောင့်ထိန်းလိုက်နာရမည့်အချက်များ**

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေအရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားသည့်အခါ အောက်ပါအချက်များအား စောင့်ထိန်းလိုက်နာမည်ဖြစ်ကြောင်း လျှောက်လွှာတွင် ဖော်ပြရပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည် -

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရေး၊

(ဃ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့် သိက္ခာနှင့်ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ရေးသားမှု၊ ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှု မပြုလုပ်ရေး၊

(င) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစား မပြုလုပ်ရေး၊

(စ) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း သို့မဟုတ် ယင်းတို့၏ ဩဇာခံယူခြင်း မပြုရေး။

**နိုင်ငံရေးပါတီများစစ်ဆေးတွေ့ရှိမှု**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၃-၈-၂၀၂၁ ရက်နေ့မှ ၃-၇-၂၀၂၂ ရက်နေ့အထိ နိုင်ငံရေးပါတီ ၉၂ ပါတီ၏ ပါတီရုံးခန်းများ၊ ပါတီဝင်အင်အားနှင့် ဘဏ္ဍာငွေသုံးစွဲမှု အခြေအနေများကို စစ်ဆေးခဲ့ရာ အောက်ပါအတိုင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်-

(က) **ပါတီရုံးခန်းများဖွင့်လှစ်ထားရှိမှုအခြေအနေ**

နိုင်ငံရေးပါတီ ၉၂ ပါတီ၏ ရုံးခန်းများ ဖွင့်လှစ်ထားရှိမှု အခြေအနေမှာ

(၁) ရုံးခန်း ၁၀၀ နှင့်အထက်ရှိသော နိုင်ငံရေးပါတီ - ၄ ပါတီ

(၂) ရုံးခန်း ၅၀ နှင့်အထက်ရှိသော နိုင်ငံရေးပါတီ - ၃ ပါတီ

(၃) ရုံးခန်း ၅၀ အောက်ရှိသော နိုင်ငံရေးပါတီ - ၇၀ ပါတီ

(၄) ရုံးခန်း တစ်ခန်းသာရှိသော နိုင်ငံရေးပါတီ - ၁၅ ပါတီ

(ခ) **စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်း**

နိုင်ငံရေးပါတီ ၉၂ ပါတီ၏ စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းမှာ-

(၁) ပါတီဝင်အင်အား တစ်သိန်းနှင့်အထက်နိုင်ငံရေးပါတီ ၄ ပါတီ

**(မစိစစ်ရသေးသည့် NLD ပါတီ၏ ခန့်မှန်းအင်အား ပါဝင်ပါသည်။)**

(၂) ပါတီဝင်အင်အား တစ်သောင်းနှင့်အထက် နိုင်ငံရေးပါတီ ၄ ပါတီ

(၃) ပါတီဝင်အင်အား တစ်ထောင်နှင့်အထက် နိုင်ငံရေးပါတီ ၇၆ ပါတီ

(၄) ပါတီဝင်အင်အား ငါးရာနှင့်အထက် နိုင်ငံရေးပါတီ ၈ ပါတီ

(ဂ) **ပါတီရန်ပုံငွေတည်ရှိမှုစာရင်း**

နိုင်ငံရေးပါတီ ၉၂ ပါတီ၏ ပါတီရန်ပုံငွေတည်ရှိမှုစာရင်းမှာ

(၁) သိန်းတစ်ထောင်နှင့်အထက် နိုင်ငံရေးပါတီ ၂၁ ပါတီ

(၂) သိန်းတစ်ရာနှင့်အထက် နိုင်ငံရေးပါတီ ၃၀ ပါတီ

(၃) သိန်းတစ်ရာအောက် နိုင်ငံရေးပါတီ ၂၀ ပါတီ

(၄) ရန်ပုံငွေမရှိသည့် နိုင်ငံရေးပါတီ ၁၄ ပါတီ

(၅) စစ်ဆေးရန်ကျန် နိုင်ငံရေးပါတီ ၇ ပါတီ

**(ဘဏ္ဍာငွေမသိရှိပါ)**

အဆိုပါ နိုင်ငံရေးပါတီအများစုသည် ၂၀၁၀ ပြည့်နှစ် မတိုင်မီက တည်ရှိခဲ့သည့် ပါတီအချို့ပါဝင်သကဲ့သို့ ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်ကာလများနှင့် ၂၀၂၀ ပြည့်နှစ်မတိုင်မီအထိ တည်ထောင်ခဲ့ကြသည့် ပါတီများဖြစ်ကြပြီး သက်တမ်းကာလအားဖြင့် ဆယ်စုနှစ်ကျော် သက်တမ်းရှိသည့် ပါတီများရှိရာ အနည်းဆုံးကာလအားဖြင့် သုံးနှစ်ကျော် လေးနှစ်နီးပါးရှိကြသည်။ စစ်ဆေးတွေ့ရှိချက်များအရ နိုင်ငံရေးပါတီများအနေဖြင့် ပါတီရုံးခန်းများ ဖွင့်လှစ်ခြင်း၊ ပါတီရန်ပုံငွေ၊ ပါတီဝင်အင်အားများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီတစ်ရပ်နှင့် ညီညွတ်အောင် ဆောင်ရွက်နိုင်မှုများ အားနည်းသည်ကို တွေ့ရှိရသည်။

**ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော နိုင်ငံရေးပါတီများနှင့် အနိုင်ရပါတီများ**

၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ၃၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရပါတီ ၂၂ ပါတီ၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ၉၁ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရပါတီ ၂၂ ပါတီ၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ၈၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရပါတီ ၁၉ ပါတီ ရှိခဲ့သည်။ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ၁၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရပါတီသုံးပါတီ၊ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ၂၄ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရပါတီ ငါးပါတီနှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ၂၄ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရပါတီလေးပါတီ ရှိခဲ့သည်။

**ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုအခြေအနေ**

ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုများကို လေ့လာကြည့်ပါက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီပေါင်း ၉၁ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ရာ ပြည်ထောင်စုတစ်ဝန်းစည်းရုံးမည့်ပါတီ ၆၆ ပါတီရှိပြီး ၎င်းတို့အနက် ကိုယ်စားလှယ်လောင်းဦးရေ ၁၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီနှစ်ပါတီ၊ ၇၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီ တစ်ပါတီ၊ ၃၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီ တစ်ပါတီ၊ ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီ နှစ်ပါတီ၊ ၁၀၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီသုံးပါတီ၊ ၁၀၀ နှင့် ၅၀ ကြား ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီ ငါးပါတီ၊ ၅၀ နှင့် ၁၀ ကြား ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီ ၂၆ ပါတီနှင့် ၁၀ ဦးအောက် ယှဉ်ပြိုင်နိုင်သည့် ပါတီ ၂၆ ပါတီ ရှိခဲ့ပြီး ၎င်းတို့အနက် အနည်းဆုံးသတ်မှတ်ချက်ဖြစ်သည့် သုံးဦးသာ ယှဉ်ပြိုင်နိုင်သည့်ပါတီခုနစ်ပါတီရှိကြောင်း တွေ့ရှိရသည်။ ထို့အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်းသာ စည်းရုံးမည့်ပါတီ ၂၄ ပါတီအနက် ကိုယ်စားလှယ်လောင်းဦးရေ ၅၀ အထက် ယှဉ်ပြိုင်သည့်ပါတီတစ်ပါတီ၊ ၅၀ မှ ၁၀ ကြား ၁၀ ပါတီနှင့် ၁၀ ဦးအောက် ယှဉ်ပြိုင်သည့်ပါတီ ၁၃ ပါတီဖြစ်ပြီး ၎င်းတို့အနက် အနည်းဆုံးသတ်မှတ်ချက်ဖြစ်သည့် သုံးဦးသာယှဉ်ပြိုင်နိုင်သည့်ပါတီ နှစ်ပါတီပါရှိကြောင်း တွေ့ရှိရသည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီပေါင်း ၈၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် ပြည်ထောင်စုတစ်ဝန်းစည်းရုံးမည့်ပါတီ ၇၂ ပါတီရှိပြီး ယင်းတို့အနက် ကိုယ်စားလှယ်လောင်းဦးရေ ၁၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီ နှစ်ပါတီ၊ ၉၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီ တစ်ပါတီ၊ ၃၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီ တစ်ပါတီ၊ ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီ တစ်ပါတီ၊ ၁၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီငါးပါတီ၊ ၁၀၀ နှင့် ၅၀ ကြား ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီ သုံးပါတီ၊ ၅၀ နှင့် ၁၀ ကြား ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီ ၂၄ ပါတီနှင့် ၁၀ ဦးအောက် ယှဉ်ပြိုင်နိုင်သည့်ပါတီ ၃၅ ပါတီရှိခဲ့ပြီး ၎င်းတို့အနက် အနည်းဆုံးသတ်မှတ်ချက်ဖြစ်သည့် သုံးဦးသာယှဉ်ပြိုင်နိုင်သည့်ပါတီ ၁၉ ပါတီ ရှိကြောင်း တွေ့ရှိရသည်။ ထို့အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်းသာ စည်းရုံးမည့်ပါတီ ၁၅ ပါတီအနက် ကိုယ်စားလှယ်လောင်း ဦးရေ၅၀ အထက် ယှဉ်ပြိုင်သည့်ပါတီတစ်ပါတီ၊ ၅၀ မှ ၁၀ ကြား လေးပါတီနှင့် ၁၀ ဦးအောက် ယှဉ်ပြိုင်သည့်ပါတီ ၁၀ ပါတီတို့ဖြစ်ပြီး ၎င်းတို့အနက် အနည်းဆုံးသတ်မှတ်ချက်ဖြစ်သည့် သုံးဦးသာ ယှဉ်ပြိုင်သည့်ပါတီလေးပါတီရှိကြောင်း တွေ့ရှိရသည်။

အထက်ပါအချက်အလက်များကို လေ့လာသုံးသပ်ပါက ပြည်ထောင်စုတစ်ဝန်းစည်းရုံးမည့်ပါတီ ၇၀ ကျော်အနက် ကိုယ်စားလှယ်နေရာ ၅၀ နေရာနှင့်အထက် ဝင်ရောက်ယှဉ်ပြိုင်သောပါတီ ၁၃ ပါတီခန့်သာရှိပြီး အများစုမှာ ကိုယ်စားလှယ်နေရာ ၅၀ အောက်သာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ၂၀ ရာခိုင်နှုန်းကျော်သောပါတီများသည် အနည်းဆုံးဝင်ရောက်ယှဉ်ပြိုင်ရမည့် ကိုယ်စားလှယ်ဦးရေဖြစ်သည့် သုံးဦးသာ ဝင်ရောက်ယှဉ်ပြိုင်ကြောင်း တွေ့ရှိရသည်။ ရွေးကောက်တင်မြှောက်ခံရမှု အခြေအနေကို လေ့လာပါက လွှတ်တော်ကိုယ်စားလှယ်နေရာ အနည်းဆုံးတစ်နေရာရရှိသည့်ပါတီများ အပါအဝင် အရေအတွက်မှာ ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီ ၉၀ ခန့်အနက် ပါတီ ၂၀ ဝန်းကျင်သာရှိသည်ကို တွေ့ရှိရသည်။ အဆိုပါ စာရင်းဇယားအချက်အလက်များအပေါ် လေ့လာသုံးသပ်ပါက နိုင်ငံရေးပါတီအများစုသည် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်မှုနှင့် အနိုင်ရရှိမှုနည်းပါးသည်ကိုတွေ့ရပြီး ခိုင်မာအားကောင်းသည့် ပါတီများဖြစ်လာရေး နိုင်ငံရေးယုံကြည်ချက်နှင့် ရည်မှန်းချက်တူသည့်ပါတီများ ပူးပေါင်းဆောင်ရွက်ပါက ပိုမိုအောင်မြင်နိုင်ကြောင်း သုံးသပ်ရသည်။

**နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေပြဋ္ဌာန်းချက်များ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သော နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေတွင် နိုင်ငံရေးပါတီများအနေဖြင့် ပါတီဝင်အင်အား၊ ပါတီရုံးခန်းနှင့် ပါတီရန်ပုံငွေများနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များကို အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည်-

(က) နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိသောပါတီသည် မှတ်ပုံတင်ခွင့်ရရှိသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေအနည်းဆုံး ၁၀၀၀၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုလုံး စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကို ပြည့်မီအောင် စည်းရုံးရမည်ဖြစ်သည်။

(ခ) နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိသောပါတီသည် မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ်အားလုံး၏ အနည်းဆုံးထက်ဝက်၌ ပါတီရုံးခန်း ဖွင့်လှစ်ရမည်ဖြစ်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း စည်းရုံးမည့်ပါတီဖြစ်ပါက ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း မြို့နယ်အားလုံး၏ အနည်းဆုံး ငါးမြို့နယ်၌ ပါတီရုံးခန်းဖွင့်လှစ်ရမည်ဖြစ်သည်။

(ဂ) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီရန်ပုံငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း မြန်မာ့စီးပွားရေးဘဏ် တစ်ခုခုတွင် ငွေစာရင်း ဖွင့်လှစ်ထားရှိရမည်ဖြစ်သည်။

စာမျက်နှာ ၁၁ သို့ ❖

> “ပါတီတစ်ခုသည် ရွေးကောက်ပွဲတစ်ခုအတွက်သာ ရည်ရွယ်ဖွဲ့စည်းပြီး ရွေးကောက်ပွဲပြီးဆုံးသည်နှင့်တစ်ပြိုင်နက် ပျောက်ကွယ်သွားသည်မျိုးလည်းမဖြစ်စေရပါ။ ပါတီဆိုသည်မှာ လွတ်လပ်စွာ ပါတီဝင်အဖြစ် ပါဝင်နိုင်မှုနှင့် ရွေးကောက်ပွဲလမ်းကြောင်းမှတစ်ဆင့် တိုင်းပြည်၏ အရေးပါသော ရာထူးနေရာများတွင် တာဝန်ယူပြီး ရှိနေဆဲတာဝန်များ၊ ပြဿနာများကို ဖြေရှင်းအကောင်အထည်ဖော်ဆောင်ရွက်ကြရသည့် အဖွဲ့အစည်းတစ်ခုဟုဆိုနိုင်”

❖ စာမျက်နှာ ၁၀ မှ

အထက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း မရှိပါက ယင်းပါတီအား မှတ်ပုံတင်ခွင့်ပြုခြင်းကို ပယ်ဖျက်ရမည်။

နိုင်ငံရေးပါတီများသည် နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများတွင် ပြည်သူကို ကိုယ်စားပြုပြီး တိုင်းပြည်တာဝန်များကို ဦးဆောင်ဦးရွက်ပြုကြရမည့်သူများ ဖြစ်ပါသည်။ ထို့ကြောင့် ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများ၊ ပြည်သူ့အကျိုးကို ဆောင်ရွက်နိုင်သည့်နိုင်ငံရေးပါတီများဖြစ်ရန် လိုပါသည်။ ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများဖြစ်စေရန် တစ်နိုင်ငံလုံးစည်းရုံးဆောင်ရွက်မည့်ပါတီဖြစ်ပါက တစ်နိုင်ငံလုံးနှင့် လျော်ညီစွာ ပါတီဝင်အင်အား၊ ပါတီရန်ပုံငွေ၊ နိုင်ငံရေးပါတီရုံးခွဲများ ရှိရန်လိုအပ်သည်။ ရွေးကောက်ပွဲတွင်လည်း သတ်မှတ်ထားသည့် မဲဆန္ဒနယ်အရေအတွက်ကို ဝင်ရောက်ယှဉ်ပြိုင်ရန် လိုအပ်သည်။ ထို့အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီ ဖြစ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း စည်းရုံးမည့်ပါတီနှင့်အညီ ပါတီဝင်အင်အား၊ ပါတီရန်ပုံငွေ၊ နိုင်ငံရေးပါတီရုံးခွဲများရှိရန် လိုအပ်သည်။ ရွေးကောက်ပွဲတွင်လည်း သတ်မှတ်ထားသည့် မဲဆန္ဒနယ်အရေအတွက်ကို ဝင်ရောက်ယှဉ်ပြိုင်ရန် လိုအပ်သည်။

နိုင်ငံရေးပါတီများအနေဖြင့် မိမိကိုယ်တိုင် ခိုင်ခိုင်မာမာ ရပ်တည်ဖွဲ့စည်းနိုင်မှသာ တိုင်းပြည်အကျိုး၊ ပြည်သူများ၏ အကျိုးကို ဆောင်ရွက်ပေးနိုင်မည် ဖြစ်သည်။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့အနေဖြင့် ရေရှည်အကျိုးကိုမျှော်ကိုးပြီး တိုင်းပြည်အတွက်၊ ပြည်သူလူထုအတွက် အကျိုးများပြီး နိုင်ငံရေးပါတီများအနေဖြင့်လည်း ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရန်ရည်ရွယ်၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းပေးခဲ့ကြောင်း တွေ့ရသည်။

## နိုင်ငံရေးပါတီ

နိုင်ငံရေးပါတီများနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံရေးသိပ္ပံပညာရှင် အင်တိုနီဒေါင်းစ် (Antony Downs)က **“မျှတမှန်ကန်စွာ စီစဉ်ပြုလုပ်ထားတဲ့ ရွေးကောက်ပွဲတွေမှာ ယှဉ်ပြိုင်အနိုင်ယူခြင်းအားဖြင့် အစိုးရယန္တရားတွေကို ထိန်းချုပ်ဖို့ကြိုးစားနေသော လူမှုအစုအဖွဲ့တစ်ခုဟာ နိုင်ငံရေးပါတီဖြစ်သည်”**ဟု ဆိုထားသည်။ နိုင်ငံရေးပါတီများနှင့်ပတ်သက်၍ ကျော်ကြားသော သုတေသီတစ်ဦးအဖြစ် နိုင်ငံတကာတွင် အသိအမှတ်ပြုခံထားရသူ အီတလီပညာရှင်ဂျော်ဗန်နီ (Giovanni Sartori) ကလည်း **“ရွေးကောက်ပွဲများတွင် တရားဝင်ကိုယ်ပိုင်သင်္ကေတတံဆိပ်တစ်ခုကို ကိုင်စွဲ၍ ဝင်ရောက်ယှဉ်ပြိုင်ပြီး ထိုရွေးကောက်ပွဲများမှတစ်ဆင့် မိမိ၏ကိုယ်စားလှယ်များအား အစိုးရရာထူးများဆီသို့ ပို့ပေးနိုင်စွမ်းရှိသော နိုင်ငံရေးအစုအဖွဲ့တစ်ခုကို နိုင်ငံရေးပါတီဟုခေါ်သည်”** ဟု ဖွင့်ဆိုထားသည်။ အဆိုပါဖွင့်ဆိုချက်များသည် နိုင်ငံရေးပါတီများနှင့်ပတ်သက်၍ အမျိုးမျိုးကွဲပြားနေကြသော်လည်း တူညီသော အခြေခံလက္ခဏာနှစ်ခုရှိသည်။ ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းနှင့် အစိုးရရာထူးများနှင့် လူထုကိုယ်စားပြုအာဏာရရှိရေးကို ရည်ရွယ်ကြိုးပမ်းလှုပ်ရှားခြင်းတို့သည် နိုင်ငံရေးပါတီများ၏ အရေးအကြီးဆုံးသော အခြေခံလက္ခဏာများဖြစ်သည်။

ပါတီတစ်ခုသည် ရွေးကောက်ပွဲတစ်ခုအတွက်သာ ရည်ရွယ်ဖွဲ့စည်းပြီး ရွေးကောက်ပွဲပြီးဆုံးသည်နှင့်တစ်ပြိုင်နက် ပျောက်ကွယ်သွားသည်မျိုးလည်း မဖြစ်စေရပါ။ ပါတီဆိုသည်မှာ လွတ်လပ်စွာ ပါတီဝင်အဖြစ် ပါဝင်နိုင်မှုနှင့် ရွေးကောက်ပွဲလမ်းကြောင်းမှတစ်ဆင့် တိုင်းပြည်၏ အရေးပါသော ရာထူးနေရာများတွင် တာဝန်ယူပြီး ရှိနေဆဲတာဝန်များ၊ ပြဿနာများကို ဖြေရှင်းအကောင်အထည်ဖော်ဆောင်ရွက်ကြရသည့် အဖွဲ့အစည်းတစ်ခုဟု ဆိုနိုင်ပေသည်။

## နိုင်ငံရေးပါတီ၏ လုပ်ငန်းတာဝန်များ

နိုင်ငံရေးဖြစ်စဉ်တွင် အောင်မြင်စွာ ပါဝင်ဆောင်ရွက်နိုင်ရန်နှင့် ဒီမိုကရေစီခိုင်မာရေးအတွက် အထောက်အကူပြုနိုင်ရန် ပါတီတစ်ရပ်သည် လိုအပ်သောစွမ်းဆောင်ရည်များ ထုတ်ဖော်ပြသနိုင်ရန်လိုပေသည်။ နိုင်ငံရေးပါတီများသည် လူမှုအကျိုးစီးပွားများကို ဖော်ဆောင်ခြင်း၊ ပါတီဝင်အသစ်များ စုစည်း၍ အနာဂတ်နိုင်ငံရေးမျိုးဆက်သစ်များ ပျိုးထောင်မွေးထုတ်ပေးခြင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များ ရေးဆွဲချမှတ်ခြင်း၊ နိုင်ငံသားများ၏ နိုင်ငံရေးပါဝင်ဆောင်ရွက်နိုင်မှုကို မြှင့်တင်ပေးခြင်း စသည်ဖြင့် နိုင်ငံသားနှင့် နိုင်ငံရေးစနစ်တို့ကြား ချိတ်ဆက်နိုင်မှုလမ်းကြောင်းကို ဖန်တီးပေးရသည်။

နိုင်ငံရေးပါတီများသည် လူထုအမြင်ကို ဖော်ဆောင်ပေးနိုင်သည့် အရင်းအမြစ်တစ်ခုဖြစ်ပြီး ပါတီများ၏လှုပ်ရှားဆောင်ရွက်မှုများကို အကဲဖြတ်ကာ နိုင်ငံသားများအနေဖြင့် မိမိ၏နိုင်ငံရေး ယုံကြည်ချက်ကို ပါတီများမှတစ်ဆင့် ရပ်တည်နိုင်ကြသည်။ ပါတီလမ်းစဉ်များကို ကြည့်၍ မဲဆန္ဒရှင်များအနေဖြင့် ပါတီတစ်ရပ်သည် လူ့အဖွဲ့အစည်းအတွင်းရှိနေသော ပြဿနာရပ်များကို သိရှိနားလည်မှုရှိရဲ့လား၊ ပြဿနာနှင့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးအတွက် လုံလောက်သော မူဝါဒများ ချမှတ်နိုင်ရဲ့လားဆိုသည်ကို ဆန်းစစ်အကဲဖြတ်နိုင်သည်။

အတိုက်အခံပါတီများအနေဖြင့်လည်း အစိုးရကိုဝေဖန်ခြင်း၊ ထိန်းညှိခြင်းနှင့် ထောက်ပြခြင်းစသည့် လုပ်ငန်းတာဝန်များကို အဓိကလုပ်ဆောင်ကြရသည်။ ဤလုပ်ငန်းတာဝန်သည် ဒီမိုကရေစီစနစ်အတွက် များစွာအရေးပါသည်။ အကြောင်းမှာ အစိုးရတစ်ရပ်သည် အတိုက်အခံမရှိလျှင် ကိုယ့်ကိုယ်ကိုယ်အဟုတ်ကြီးထင်၍ ယုံကြည်မှုလွန်ကဲပြီး အခြားသောဘက်များကို ထည့်သွင်းစဉ်းစားမှုမပြုတော့သောကြောင့်ဖြစ်သည်။

အဆိုပါလုပ်ငန်းတာဝန်များကို ဖြည့်ဆည်းလုပ်ဆောင်ပေးခြင်းဖြင့် နိုင်ငံရေးပါတီများသည် ဒီမိုကရေစီနည်းကျ ဖွဲ့စည်းတည်ဆောက်ထားသော လူ့အဖွဲ့အစည်းအတွက် အရေးကြီးသော တာဝန်များကို ထမ်းဆောင်ပေးနေခြင်းဖြစ်သည်။ ၎င်းလုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်မှုက နိုင်ငံရေးပါတီတစ်ရပ်၏ ဂုဏ်သတင်းနှင့် အနာဂတ်အလားအလာကို များစွာအဆုံးအဖြတ်ပေးသွားမည်ဖြစ်သည်။

## ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများ

နိုင်ငံရေးပါတီများ မှတ်ပုံတင်ရခြင်းမှာ နိုင်ငံရေးပလက်ဖောင်းတစ်ခုရရှိရေးဟု ဆွေးနွေးပြောဆိုမှုများရှိကြောင်း တွေ့မြင်သိရှိနေရပါသည်။ လက်တွေ့တွင် နိုင်ငံရေးပလက်ဖောင်းတစ်ခု ရရှိနိုင်ရေး အနေအထားနှင့်သာ တင်းတိမ်မနေသင့်ဘဲ ထို့ထက်မကသော ရည်မှန်းချက်ဖြင့် ဆောင်ရွက်သင့်သည်။ နိုင်ငံရေးပါတီတစ်ခုသည် မိမိအကျိုးစီးပွားတစ်ခုတည်းကြည့်ပြီး ရွေးကောက်ပွဲတွင် အနိုင်ရရှိရေးကိုသာ ဆောင်ရွက်နေ၍မရပါ။ ရွေးကောက်ပွဲများတွင် အနိုင်ရရှိရန် ပြည်သူများ၏ ယုံကြည်မှု၊ အားကိုးမှုကို ရရှိရန်လိုအပ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အလေးထားပြီး ဒီမိုကရေစီနည်းလမ်းကျကျ မှန်မှန်ကန်ကန် ရပ်တည်ဖို့လိုသည်။ အကြမ်းဖက်ခြင်း၊ လူသတ်ခြင်း၊ တိုင်းပြည်မတည်မငြိမ်ဖြစ်အောင် ပြုလုပ်နေသည့် အဖွဲ့အစည်းများ၊ လုပ်ရပ်များကို မြင်ပါလျက်၊ သိပါလျက်နှင့် မသိချင်ယောင် မဆောင်ဘဲ နိုင်ငံရေးပါတီကောင်းတစ်ခုပီသစွာ ပြည်သူအကျိုး၊ တိုင်းပြည်အကျိုးကိုကြည့်၍ တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းကြရပေမည်။ သို့မှသာ ပြည်သူလူထု၏ ယုံကြည်မှုကိုရရှိပြီး ပြည်သူ၏အားကိုးမှုဖြင့် ရွေးကောက်ပွဲများတွင် ပြည်သူကို ကိုယ်စားပြုနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ ပြည်သူပြည်သားအများစုသည် မိမိတို့ခေလေ့အရ ကြည်ညိုမှုကိုအခြေခံကာ စိတ်ခံစားမှုဖြင့် ယုံကြည်ထောက်ခံလေ့ရှိကြသည်။ ရိုးသားသည့်စိတ် အရင်းခံဖြင့် အလွယ်တကူ လက်ခံယုံကြည်လေ့ရှိသည်။ အဆိုပါအားနည်းချက်များကို အသုံးပြုကာ အချို့သော နိုင်ငံရေးသမားများ၊ အဖွဲ့အစည်းများက အလွယ်တကူ ခွဲခြားပြောဆိုပြီး သိမ်းသွင်းခဲ့ကြသည်။ လက်ရှိနိုင်ငံရေး အခြေအနေတွင်လည်း ရွေးကောက်ပွဲကို အကြောင်းပြုပြီး မိမိတို့အဖွဲ့အစည်း အာဏာရရှိရေး မပြုသင့်သည်များ၊ မလုပ်သင့်သည်များကို ဆောင်ရွက်ခဲ့သည့်အတွက် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး ပျက်ပြားခဲ့ရပြီး အကြမ်းဖက်မှုများ၊ သတ်ဖြတ်မှုများ ပေါ်ပေါက်ခဲ့ရသည်။ တပ်မတော်၊ နိုင်ငံရေးပါတီများနှင့် ယခင်လွှတ်တော်ကိုယ်စားလှယ်များက မဲစာရင်းမှားယွင်းနေမှုများ၊ မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် အကြိမ်ကြိမ်တင်ပြတောင်းဆိုခဲ့သော်လည်း ယခင်အစိုးရ၊ လွှတ်တော်နှင့် ရွေးကောက်ပွဲကော်မရှင်တို့က တစ်စုံတစ်ရာ ဖြေရှင်းခဲ့ခြင်း မရှိသည့်အတွက် ယခုကဲ့သို့ အခြေအနေမျိုး ကြုံတွေ့နေရခြင်းဖြစ်သည်။

ဖြစ်ပွားခဲ့သောဖြစ်စဉ်အရ ဒီမိုကရေစီစနစ် ခိုင်မာအားကောင်းစေရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများ၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော နိုင်ငံရေးပါတီများတည်ရှိရန်လိုအပ်ကြောင်း အထင်အရှားတွေ့ရပေသည်။ အသစ်ပြဋ္ဌာန်းလိုက်သည့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများသည်လည်း ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများ ဖြစ်လာစေရန် ရည်ရွယ်၍ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ယင်းဥပဒေ၊ နည်းဥပဒေများတွင်လည်း ပါတီငယ်များ၊ တိုင်းရင်းသားဒေသများရှိ တိုင်းရင်းသားပါတီများအနေဖြင့် ရပ်တည်ဆောင်ရွက်နိုင်အောင် ဆောင်ရွက်ပေးထားသည်။ ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သည့် ပါတီကြီး၊ ငယ်မရွေး အားလုံးပါဝင်နိုင်ရေးသည် အရေးကြီးသည့်အတွက် အားလုံးပါဝင်နိုင်အောင် ဆောင်ရွက်ပေးထားကြောင်း တွေ့ရပေသည်။

## နိဂုံး

မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ဖြစ်သည်။ ပြည်သူလူထု၏ ပကတိလိုအပ်ချက်သည် ဥပဒေနှင့်အညီ အေးအေးချမ်းချမ်း နေထိုင်လုပ်ကိုင်စားသောက်ပြီး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာဖြင့် ဘဝဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်သည်။ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် အဓိကအခြေခံရမည့်အချက်မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး စသည့် ဒို့တာဝန်အရေးသုံးပါး ဖြစ်သည်။ မြန်မာနိုင်ငံသည် (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်း လျှောက်လှမ်းခဲ့သည်။ ရွေးကောက်ပွဲများကို ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများကို အောင်မြင်စွာ ကျင်းပဆောင်ရွက်ပေးနိုင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ဖြစ်ပေါ်ခဲ့သော နိုင်ငံရေးမသမာမှုဖြစ်သည့် မဲမသမာမှုဖြစ်စဉ်များကြောင့် တပ်မတော်က (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်အရပ်ရပ်ကို ခေတ္တထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်ပါ၍ နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စုကြီး အေးချမ်းသာယာစေရန်၊ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သွားကြရမည့်အချိန် ကျရောက်နေပြီဖြစ်ပါကြောင်း တိုက်တွန်းအပ်ပါသည်။ ။



သီပေါမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်းတို့ ဦးဆောင်၍ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန၊ သစ်တောနှင့်ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်းအင်အား ၁၂၀ တို့သည် သီပေါမြို့ဘဏ္ဍာကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းစေတီတော်မြတ်ကြီး၏ရင်ပြင်တော်နှင့်ပရိဝုဏ်တို့၌ သန့်ရှင်းရေးလုပ်ငန်းများကို မေ ၈ ရက် နံနက်ပိုင်းက စုပေါင်းဆောင်ရွက်ကြစဉ်။ ၂၁၀

# ဖောင်းပြင်မြို့နယ်၌ မြို့နယ်အဆင့် VDPစီမံကိန်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

ဖောင်းပြင် မေ ၉

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အဆင့် VDP စီမံကိန်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲကို မေ ၆ ရက် နံနက်ပိုင်းက အဆိုပါ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဖောင်းပြင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဇော်ဝင်းက VDP စီမံကိန်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်များနှင့် စီမံကိန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက စီမံကိန်းအလိုက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များကို အပြန်အလှန်အကြံပြုဆွေးနွေးခဲ့ကြပြီး တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

၂၂

✻ ကျောဖုံးမှ

မြန်မာ့နှစ်သစ်ကူးအခါ သင်္ကြန်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မပျောက်ပျက်စေရန် ရည်ရွယ်၍ ၇၃ လမ်းမကြီးပေါ်တွင် မင်္ဂလာမန္တလေးလမ်းလျှောက်သင်္ကြန်ကို အကောင်အထည်ဖော်ခြင်းဖြစ်ပြီး လမ်းလျှောက်သင်္ကြန် အတွင်း၌ အဓိကမဏ္ဍပ်ကြီးနှင့် ဇုန်ခြောက်ခု ထည့်သွင်း တည်ဆောက်ထားကြောင်း Mandalay Management Corporation Co., Ltd မှ Deputy Managing Director ဦးစိုးနိုင်ဦး ကပြောသည်။

"လမ်းလျှောက်သင်္ကြန်အတွင်းမှာ ဇုန်ခြောက်ခု ဖွဲ့စည်းထားပါတယ်။ Star Light Street ဇုန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်နဲ့ မြန်မာ့ရိုးရာလက်မှုပညာရပ်တွေပါဝင်တဲ့ Art Street Zone ၊ နိုင်ငံ၏ သယံဇာတဖြစ်သည့် ကျွန်းသစ်တွေပါဝင်တဲ့ Wood Street Zone၊ အမြဲတမ်းစိမ်းလန်းစိုပြည်ပြီး ရေလိုအေးချမ်းစေချင်တဲ့ ရည်ရွယ်ချက်တွေပါဝင်တဲ့ Water Street Zone၊ လာရောက်လည်ပတ်သူတွေသွားလာလို့ရတဲ့ Floating Street Zone နဲ့ Flower Street Zone စသဖြင့် ဇုန်လေးတွေ ခွဲပြီး ဖော်ဆောင်ထားပါတယ်။ ဒီဇုန်လေးတွေမှာလည်း မြန်မာ့ရိုးရာကို ထိန်းသိမ်းတဲ့အနေနဲ့ အလှဆင်ဖန်တီးမှုလေးတွေလည်း ပြုလုပ်ထားပါတယ်။ နောက်ပြီး လမ်းလျှောက်သင်္ကြန် လာရောက်လည်ပတ်သူတွေကို ဆင်လေးတွေက ရေပက်ဖျန်းပေးတဲ့ အစီအစဉ်ကိုလည်း ထူးထူးခြားခြားအနေနဲ့ ထည့်သွင်းထားပါတယ်။ လာရောက်လည်ပတ်သူများ စိတ်အေးချမ်းသာစွာ ပျော်ပါးနိုင်ရန်အတွက်လည်း လုံခြုံရေးအင်အား အပြည့်အဝနဲ့ ဆောင်ရွက်ပေးထားပါတယ်။ မင်္ဂလာမန္တလေးရဲ့ လမ်းလျှောက် သင်္ကြန်ကို တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး ပျော်ပျော်ပါးပါးနဲ့ လာရောက်ရေကစားနိုင်ပါတယ်" ဟု ပြောသည်။



မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ပြင်ဆင်ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

မင်္ဂလာမန္တလေးလမ်းလျှောက်သင်္ကြန်တွင် စတုဒိသာအစီအစဉ်အနေဖြင့် အလွယ်တကူစားသုံး၍ရမည့် မုန့်များ၊ အအေးများ ကျွေးမွေးသွားမည်ဖြစ်ကြောင်း၊ ပျော်ဖြေရေးများအနေဖြင့် နေ့စဉ်နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီ တစ်ကြိမ်နှင့် မွန်းလွဲ ၃ နာရီမှ ၆ နာရီအထိ တစ်ကြိမ်စီစဉ်ထားပြီး နိုင်ငံကျော်အဆိုတော်များနှင့် အနုပညာရှင်များစွာကိုလည်း ဖိတ်ကြားထားကြောင်း New Starlight Group of Companies မှ Business Development Director ဒေါ်ဇင်မာထွန်းက ပြောသည်။




မင်္ဂလာမန္တလေး မြန်မာ့ရိုးရာလမ်းလျှောက် အတာသင်္ကြန်ကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

အလားတူ ကျုံးတောင်ဘက်ခြမ်းရှိ(၂၆ လမ်း၊ ၆၆ လမ်းမှ ၇၈ လမ်းအထိ) လမ်းလျှောက်သင်္ကြန်ပွဲတော်၌ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန် ဗဟိုမဏ္ဍပ်အပါအဝင် မဏ္ဍပ်ကြီး ခြောက်ခုရှိပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အငွေ့အသက်များပါဝင်သည့် အပြင်အဆင်များဖြင့် အလှဆင်သွားမည့် အပြင် နိုင်ငံကျော်အဆိုတော်များ၊ အနုပညာရှင်များ ပါဝင်သည့် ဖျော်ဖြေရေး အစီအစဉ်များဖြင့်လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကျုံးပတ်လည်တွင် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန် မဏ္ဍပ်အပါအဝင် မဏ္ဍပ် ၁၁ ခုနှင့် မြို့တွင်းတွင် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် ငါးခု ၊ စတုဒိသာ မဏ္ဍပ်အနေဖြင့် ကျုံးပတ်လည်တွင် ၁၆ ခု တည်ဆောက်ထားကြောင်း၊ ကျုံးမြောက်ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းများတွင်လည်း ရေစုပ်စက်ဖြင့် ရေကစားနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း၊ မန္တလေးဈေးချိုတော်နာရီစင်အနီးတွင်လည်း မန္တလေးမြို့ဂုဏ်ဆောင် မြို့မတူရိယာအသင်းနှင့်တွဲဖက်၍ ဈေးချိုသူ ရေကစားမဏ္ဍပ်ကိုလည်း ထည့်သွင်းထားကြောင်း သိရသည်။

မောင်အေးချမ်း





မင်္ဂလာမန္တလေး မြန်မာ့ရိုးရာလမ်းလျှောက် အတာသင်္ကြန်ကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# အပြုံးပန်းဆင် ယဉ်တယ်ကို

(ပိုဒ်စုံရတု)

✻ မြူးဝင့်ယဉ်ယဉ်၊ ထုံးတမ်းစဉ်နှင့်
သဘင်ခင်းမြဲ၊ သင်္ကြန်ပွဲကို
ဆင်နွှဲရှင်ကြည်၊ ခြိမ့်ခြိမ့်စည်လျက်
ပြည်ရွာတစ်ဝန်း၊ ရေစင်ဖျန်းကာ
အေးချမ်းပါစေ၊ မွေးလန်းစေဟု
စေတနာပေါင်း၊ မေတ္တာလောင်းသည်
နှစ်ဟောင်းကျော်လွန်၊ နှစ်ဦးမွန်၌
ဝန်ဆောင်ကောင်းမှု၊ ကုသိုလ်ပြုပြီ
စတုဒိသာ၊ စားဖွယ်ရာနှင့်
သဒ္ဓါဖြူဖွေး၊ တည်ခင်းပေးကာ
ဘေးမဲ့ပေးလှူ၊ ကျွတ်ဆုယူသည်
ဖြူစင်နှလုံးလန်း ရှင်တယ်ကို.....။

✻ ကျူးရင့်လွင်လွင်၊ တေးသံစဉ်နှင့်
ယဉ်လည်းယဉ်ပေ့၊ မွေ့လည်းမွေ့ကာ
ဓလေ့ရိုးရာ၊ သာလည်းသာမို့
အတာရေအေး၊ နံ့သာမွှေးနှင့်
ခေါင်းဆေးမင်္ဂလာ၊ ဆောင်နှင်းရာတည့်
အောင်ပါစေကြောင်း၊ အောင်ရေလောင်းကာ
အောင်မောင်းအောင်သံ၊ အောင်ဆုပန်ပြီး
သင်္ကြန်နှစ်ဦး၊ အခါထူးဝယ်
မြူးမြူးရွှင်ရွှင်၊ ပွဲတော်ဆင်လျက်
ကြည်လင်လန်းဆန်း၊ အပြုံးပန်းနှင့်
ရေဖျန်းအတူ၊ ရှေးထုံးမူသည်
ယူငင်ထုံးတမ်း ယဉ်တယ်ကို.....။

✻ ဖူးပွင့်ရွှင်ရွှင်၊ ထိန်ဝေလွင်လျက်
ရွှေစင်ဝင်းဝင်း၊ ပိတောက်သင်းပြီ
ပန်းမင်းသခင်၊ ပန်းတော်ဝင်ကို
ပန်ဆင်မြူးကြွ၊ ယိမ်းသမတို့
ကကြိုးကဟန်၊ မြန်မာဆန်ပေ့
သင်္ကြန်တေးနှင့်၊ ဒိုးသံဆင့်ကာ
ကျူးရင့်ထံတျာ၊ အလင်္ကာနှင့်
ကြည်သာချိုအေး၊ ဖျော်ဖြေပေးသည့်
ယဉ်ကျေးထည်ဝါ၊ မျိုးမြန်မာတို့
အတာနှစ်ကူး၊ ခါတော်ဦးဝယ်
ကြည်နူးဂုဏ်ယူ၊ တံခွန်ထူသည်
တူယှဉ်အပြုံးပန်း ဆင်တယ်ကို.....။ ။

ရေနံ့သာမောင်ကျော်ညွန့်

# ဖိလစ်ပိုင်နိုင်ငံ လူနေထူထပ်သည့် ရပ်ကွက်တစ်ခု၌ မီးလောင်မှုဖြစ်ပွား၊ ခုနစ်ဦး သေဆုံး

**မနီလာ ဧပြီ ၉**

ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာအရှေ့ဘက် ရိုင်ဇယ်လ်ပြည်နယ်ရှိလူနေထူထပ်သည့်ရပ်ကွက်တစ်ခုတွင် ယမန်နေ့ညပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ရာ အသက် နှစ်နှစ်အရွယ် မိန်းကလေးတစ်ဦးနှင့် ၁၂ နှစ်အရွယ် ယောကျာ်းလေးတစ်ဦးတို့အပါအဝင် ခုနစ်ဦး သေဆုံးခဲ့ကြောင်း ရဲအရာရှိများက အတည်ပြုပြောကြားသည်။

ဧပြီ ၈ ရက် ဒေသစံတော်ချိန် ည ၁၀ နာရီမတိုင်ခင် ရိုင်ဇယ်လ်ပြည်နယ် တေတေမြို့ရှိ လူနေထူထပ်သော ရပ်ကွက်တစ်ခုတွင် အဆိုပါမီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုသတင်းကို ရရှိပြီးနောက် မီးသတ်သမားများက အခင်းဖြစ်ပွားရာနေရာသို့ ချက်ချင်းသွားရောက် မီးငြိမ်းသတ်ခဲ့သည်။ တစ်နာရီကြာ မီးငြိမ်းသတ်ပြီးနောက် ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။

သို့သော် မီးလောင်မှုကြောင့် လူနေအိမ် ၄၀ ကျော် ဆုံးရှုံးသွားခဲ့ရသည်။

သေဆုံးသူများသည် မီးလောင်နေစဉ် အိမ်များအတွင်း ပိတ်မိနေခဲ့ပြီး အလောင်းများကို မီးဖိုချောင် ကြမ်းပြင်နှင့် ရေချိုးခန်းအတွင်း၌ တွေ့ရှိခဲ့ကြောင်း ရဲအရာရှိများက ဆိုသည်။

မီးလောင်မှုကြောင့် အိမ်ထောင်စု ၆၀ ကျော် အိမ်ခြေမဲ့ဖြစ်ခဲ့ရသည်။

မီးလောင်ကျွမ်းမှုဖြစ်ပွားရသည့်အကြောင်းရင်းခံကို မီးသတ်ဌာနက စုံစမ်းစစ်ဆေးလျက်ရှိသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်-အောင်ကျော်ကျော်**






# ChatGPT သုံးစွဲသူများ၏ ကိုယ်ရေးအချက်အလက်လုံခြုံရေး တိုးမြှင့်

**ဆန်ဖရန်စစ္စကို ဧပြီ ၉**

လူမှုမီဒီယာအဖြစ် ခေတ်စားလာသည့် ChatGPT က သုံးစွဲသူများ၏ ကိုယ်ရေးအချက်အလက်များလုံခြုံရေးနှင့် ကလေးသူငယ်များအား လူမှုမီဒီယာကို စိတ်ချယုံကြည်စွာ အသုံးပြုနိုင်ရေးအတွက် နည်းလမ်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအား တိုးမြှင့်သွားမည်ဟု သိရသည်။

ChatGPT သည် သုံးစွဲသူများသိလိုသည့် စကားလုံးများကို ဘာသာပြန်ဆိုပေးနိုင်သည်။ လက်ရှိအချိန်တွင် ChatGPT သုံးစွဲသူများ၏ ကိုယ်ရေးအချက်အလက်များ ကာကွယ်ရေးအတွက် တာဝန်ရှိသူများက အပြင်းအထန်ကြိုးစားဆောင်ရွက်နေကြသည်။

လူမှုမီဒီယာ၏လုပ်ငန်းများကို စီမံခန့်ခွဲနေသည့် အမေရိကန်နည်းပညာကုမ္ပဏီ OpenAI က ChatGPT ကို အသုံးချပြီး အမုန်းစကားနှင့် ပဋိပက္ခများ ပြန့်ပွားစေခြင်းမှ တားဆီးကာကွယ်သွားမည်ဟု ပြောကြားသည်။ ၎င်း၏နောက်ဆုံးထွက်မော်ဒယ် GPT-4 သည် ယခင်ဗားရှင်းများနှင့် နှိုင်းယှဉ်ပါက ကန့်သတ်ထားသည့်အကြောင်းအရာများကို တုံ့ပြန်နိုင်ခြေ ၈၂ ရာခိုင်နှုန်း နည်းပါးကြောင်း ကုမ္ပဏီက ပြောကြားခဲ့သည်။

၎င်းလူမှုမီဒီယာသုံးစွဲသူများသည် အသက် ၁၈ နှစ်နှင့်အထက် ရှိရန်လိုအပ်ပြီး အသက် ၁၃ နှစ်နှင့်အထက်ရှိ ကလေးငယ်များအတွက် မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်လိုအပ်မည်ဖြစ်ကြောင်း OpenAI က ပြောကြားသည်။

**ကိုးကား အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-စိုးသူရ**

# မြောက်ကိုရီးယားနိုင်ငံက နျူကလီးယား ရေအောက်ဒုံးကျည်များ ထပ်မံစမ်းသပ်ပစ်ခတ်

**ပြုံယမ်း ဧပြီ ၉**



မြောက်ကိုရီးယားနိုင်ငံက နျူကလီးယား ရေအောက်ဒုံးကျည်များကို စမ်းသပ်ပစ်ခတ်မှုတစ်ခု ထပ်မံပြုလုပ်ခဲ့ကြောင်း ယမန်နေ့သတင်းများအရ သိရသည်။

အဆိုပါ နျူကလီးယားတိုက်ခိုက်ရေး ရေအောက်ဒုံးကျည်များကို ဧပြီ ၄ ရက်မှ ၇ ရက်အထိ စမ်းသပ်ခဲ့ကြောင်း အာဏာရအလုပ်သမားပါတီ၏ ယမန်နေ့ထုတ်သတင်းစာတွင် အမျိုးသားကာကွယ်ရေးသိပ္ပံသုတေသနဌာနက အတည်ပြုပြောကြားသည်။

Haeil-2 မောင်းသူမဲ့ရေငုပ်သင်္ဘောသည် တောင်ဟမ်ဂျောင်းပြည်နယ်အရှေ့ပိုင်းမှ တိုက်ခိုက်ရေး ရေအောက်ဒုံးကျည်များ စမ်းသပ်ပစ်ခတ်မည့် ဧရိယာအတွင်းသို့ ဧပြီ ၄ ရက်တွင် စတင်ဝင်ရောက်ခဲ့ကြောင်း အမျိုးသားကာကွယ်ရေးသိပ္ပံသုတေသနဌာန၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

တိုက်ခိုက်ရေး ရေအောက်ဒုံးကျည်များသည် ကီလိုမီတာ ၁၀၀၀ ခန့်ကို ၇၁ နာရီကြာသွားရောက်ပြီး စမ်းသပ်ပစ်မှတ်ကို တိကျစွာ ဖောက်ခွဲပစ်ခဲ့ကြောင်း အစီရင်ခံစာအရ သိရသည်။

ပြီးခဲ့သည့်လတွင် အဆိုပါစမ်းသပ်မှုကို ပထမဆုံးအကြိမ် ပြုလုပ်ခဲ့ပြီး ယခုစမ်းသပ်မှုသည် Haeil-2 မောင်းသူမဲ့ရေငုပ်သင်္ဘော၏ ဒုတိယအကြိမ် စမ်းသပ်မှုဖြစ်သည်။

Haeil-2 မောင်းသူမဲ့ရေငုပ်သင်္ဘောသည် ရန်သူ့သင်္ဘောများနှင့် ဆိပ်ကမ်းများကို ဖျက်ဆီးနိုင်သည့်အပြင် ရေဒီယိုသတ္တိကြွမျိုးများကို ဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။

Haeil-2 မောင်းသူမဲ့ရေငုပ်သင်္ဘော၏ ဒုတိယအကြိမ်စမ်းသပ်မှုသည် မတ်လအတွင်းစမ်းသပ်ခဲ့ခြင်းထက် ပိုမိုဖွံ့ဖြိုးမှုရှိနိုင်ကြောင်း တောင်ကိုရီးယား ယွန်ဟပ်သတင်းအေဂျင်စီက ဆိုသည်။

ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် အရှေ့တရုတ်ပင်လယ်အတွင်း အမေရိကန် နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောတစ်စင်းပါဝင်သည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဧပြီ ၄ ရက်အထိ ပြုလုပ်ခဲ့ပြီးနောက် ပြုံယမ်း၏ ရေအောက်ဒုံးကျည်ပစ်ခတ်စမ်းသပ်မှု ထပ်မံထွက်ပေါ်လာခြင်းဖြစ်သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# ၂၀၂၆ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ဉာဏ်ရည်တု AI ဈေးကွက်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၄၄ ဘီလီယံ ရောက်ရှိရန်မျှော်မှန်း

**ပေကျင်း ဧပြီ ၉**

၂၀၂၆ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ဉာဏ်ရည်တု AI ဈေးကွက်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၄၄ ဘီလီယံအထိ ရောက်ရှိရန် မျှော်မှန်းထားကြောင်း သိရသည်။

ဉာဏ်ရည်တု AI ဈေးကွက်အတွက် တရုတ်နိုင်ငံ၏ အသုံးစရိတ်သည် ၂၀၂၂ ခုနှစ်တွင် ဒေါ်လာ ၁၄ ဒသမ ၇၅ ဘီလီယံအထိ ရှိမည်ဟု ခန့်မှန်းထားပြီး ကမ္ဘာလုံးဆိုင်ရာ စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းခန့်ရှိကြောင်း ကမ္ဘာ့ဈေးကွက်သုတေသနလုပ်ငန်း International Data Corporation (IDC)၏ အစီရင်ခံစာတစ်ရပ်အရ သိရသည်။

တရုတ်နိုင်ငံ AI ဈေးကွက်၏ နှစ်စဉ်တိုးတက်မှုနှုန်းသည် ၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်ကာလအတွင်း ၂၀ ရာခိုင်နှုန်းကျော်သွားနိုင်ဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

တရုတ်နိုင်ငံ၏ AI ဈေးကွက်ကို ရေရှည်တိုးမြှင့်ဆောင်ရွက်ခြင်းအတွက် အကျိုးကျေးဇူးများ ရရှိနိုင်မည့်အခြေအနေနှင့် အနာဂတ်တွင် ပိုမိုကောင်းမွန်သော အက်ပလီကေးရှင်းများ ဖန်တီးရာတွင် AI နည်းပညာ၏ ဆန်းသစ်တီထွင်မှုနှင့် အဆင့်မြှင့်တင်မှု၏ အရေးပါပုံကို ကမ္ဘာ့ဈေးကွက်သုတေသနလုပ်ငန်းက အလေးပေးပြောကြားခဲ့သည်။

တရုတ်စီးပွားရေးလုပ်ငန်းများက ဒစ်ဂျစ်တယ်အသွင်ပြောင်းခြင်းဆိုင်ရာ ဈေးကွက်ဝယ်လိုအားကို ဖြည့်ဆည်းပေးလိမ့်မည်ဖြစ်ကြောင်း ကမ္ဘာ့ဈေးကွက်သုတေသနလုပ်ငန်းက ဆိုသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# ၂၀၂၆ ခုနှစ်၌ တိုယိုတာကားကုမ္ပဏီက လျှပ်စစ်ကားမော်ဒယ်အသစ် ၁၀ မျိုး ထုတ်လုပ်မည်

**တိုကျို ဧပြီ ၉**

ဂျပန်မော်တော်ကားကုမ္ပဏီ တိုယိုတာသည် လျှပ်စစ်ကားများ တိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် မဟာဗျူဟာသစ် ချမှတ်နေကြောင်း သိရသည်။

၎င်းမဟာဗျူဟာသစ်အရ ၂၀၂၆ ခုနှစ်တွင် ၎င်းကုမ္ပဏီက လျှပ်စစ်ကားမော်ဒယ်အသစ် ၁၀ မျိုးကို ထုတ်လုပ်သွားမည်ဖြစ်ပြီး တစ်နှစ်လျှင် လျှပ်စစ်ကားအစီးရေ ၁ ဒသမ ၅ သန်းကို ရောင်းချမည်ဖြစ်သည်။

တိုယိုတာကုမ္ပဏီ အကြီးအကဲ ဆာတိုကိုဂျီသည် ယခုလျှပ်စစ်ကားထုတ်လုပ်ရေးမူဝါဒကို တိုယိုတာ တာဝန်ရှိသူများနှင့် ညှိနှိုင်းချမှတ်ခဲ့ခြင်းဖြစ်သည်။



လျှပ်စစ်ကားဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်လုပ်ရေးဆိုင်ရာ ယူနစ်တစ်ခုကို တိုယိုတာကုမ္ပဏီက ဖွင့်လှစ်သွားမည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ် အရောက်တွင် လျှပ်စစ်ကားမော်ဒယ်အသစ် ၃၀ အထိ တိုးတက်ထုတ်လုပ်ရန်နှင့် တစ်နှစ်လျှင် လျှပ်စစ်ကားအစီးရေ ၃ ဒသမ ၅ သန်းကို တိုးမြှင့်ရောင်းချသွားရေးအတွက် တိုယိုတာက အစီအစဉ်ရေးဆွဲထားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-စိုးသူရ**

# သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့ပေါ်ရှိ အပြစ်မဲ့ပြည်သူများစုဝေးမည့်နေရာများ၌ ယုတ်မာရက်စက်သောအကြံဖြင့် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများဆောင်ရွက်ရန် စီစဉ်လျက်ရှိသည့် Special Task Agency - STA အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များကို အချိန်မီ ကြိုတင်သတင်းလက်ဦးမှုရယူ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၉**

နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံအဖွဲ့များသည် ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်း၊ လုယက်ခြင်းများ၊ အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်နေသည့် နေရာများတွင် မိုင်းထောင်ဖောက်ခွဲခြင်းများ၊ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်အတွက် နိုင်ငံတော်အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် ပြည်သူလူထုပိုင်အဆောက်အအုံများအား အကြောင်းမဲ့ ဖောက်ခွဲဖျက်ဆီးခြင်းများကို ဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။

ထို့အပြင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် နှစ်စဉ်ကျင်းပလေ့ရှိသော မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာတစ်ခုဖြစ်သည့် မဟာသင်္ကြန်ပွဲတော် ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အပြစ်မဲ့ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားမှုကို နှောင့်ယှက်ဖျက်ဆီးရန်နှင့် ထိတ်လန့် ကြောက်ရွံ့စေရန်အတွက် ရေကစားမဏ္ဍပ်ပြုလုပ်မည့်နေရာများတွင် ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်ရန် စီစဉ်လျက်ရှိကြောင်း အကြမ်းဖက်မှုကိုမလိုလားသည့်ပြည်သူများက လျှို့ဝှက်စွာ သတင်းပေးပို့ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေး၊ အကြမ်းဖက်သမားများ၏ အန္တရာယ်မှ တားဆီးကာကွယ်နှိမ်နင်းရေးနှင့် အကြမ်းဖက်သမားများအား ကြိုတင်သတင်း လက်ဦးမှုရယူ၍ ဖော်ထုတ်ဖမ်းဆီး ခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နေ့/ညမပြတ် စုံစမ်းစစ်ဆေးဖော်ထုတ်မှုများကြောင့် ဧပြီ ၄ ရက် ညပိုင်းတွင် ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းတောင်ရပ်ကွက် ရွှေလှိုင်လမ်းရှိ အိမ်အမှတ်(၈၀)၌ Special Task Agency – STA အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် **ဇော်ထက်အောင်(ခ)ညီညီ**အား ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ထွက်ဆိုချက်အရ ကြည့်မြင်တိုင်မြို့နယ် ဈေးကြီး (အရှေ့)ရပ်ကွက် ကျောင်းကြီးလမ်းရှိ တိုက်အမှတ် (၇၁)၌ အကြမ်းဖက်အဖွဲ့ဝင် **ရဲမင်းပိုင်(ခ)ရဲရဲမင်း(ခ) ဝင်းလွင်ဦး**အား Sig Sauer ပစ္စတိုတစ်လက်၊ Glock ပစ္စတိုတစ်လက်၊ ပစ္စတိုကျည်အိမ် သုံးခု၊ ပွိုင့်-၃၈၀ ကျည် ၄၄ တောင့်၊ လက်လုပ်မိုင်းပြုလုပ်ရာတွင် အသုံးပြုမည့် ကော်ခွက် အခု ၅၀၊ ဒီတိုနေတာ ၁၈ ခု၊ ယမ်းမှုန့် ကိုးထုပ်၊ ကာဗွန်အချောင်း၂၀၀၊ ကန့်တစ်ထုပ်၊ သံဘောစေ့ ၁၃ ဘူး၊ သံတိုသံစ တစ်အိတ်တို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျား နှစ်ဦးကို ပစ္စတိုနှစ်လက်၊ ကျည်အိမ် သုံးခု၊ ပွိုင့်-၃၈၀ ကျည် ၄၄ တောင့်၊ လက်လုပ်မိုင်း ပြုလုပ်ရာတွင် အသုံးပြုမည့် ကော်ခွက် အခု ၅၀၊ ဒီတိုနေတာ ၁၈ ခု၊ ယမ်းမှုန့် ကိုးထုပ်၊ ကာဗွန်အချောင်း၂၀၀၊ ကန့်တစ်ထုပ်၊ သံဘောစေ့ ၁၃ ဘူး၊ သံတိုသံစ တစ်အိတ်တို့နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **ဇော်ထက်အောင်(ခ)ညီညီ** နှင့် **ရဲမင်းပိုင်(ခ) ရဲရဲမင်း(ခ)ဝင်းလွင်ဦး**တို့ နှစ်ဦးသည် ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် KNLA တမဟ(၆)လှုပ်ရှားနယ်မြေ ကြာအင်းဆိပ်ကြီးမြို့အနီး တောတွင်း၌ အကြမ်းဖက် ဖောက်ခွဲရေးသင်တန်း တစ်လ တက်ရောက်ခဲ့ပြီး လက်လုပ်မိုင်း ပြုလုပ်နည်းနှင့် ဖောက်ခွဲနည်းများကို သင်ယူခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းဆင်းပြီးနောက် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလခန့်တွင် STA အမည်ခံ အကြမ်းဖက်အဖွဲ့အား ဖမ်းဆီးရန်ကျန်တရားခံ NLD ပါတီမှ ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း တရားခံပြေး **စိုးသူရထွန်း၊ စွန်ရဲ**နှင့် **တေဇ(ခ)ထိန်လင်း**တို့ ခေါင်းဆောင်၍ **ဇော်ထက်အောင်(ခ) ညီညီ၊ ရဲမင်းပိုင် (ခ)ရဲရဲမင်း(ခ) ဝင်းလွင်ဦး၊ နိုင်နိုင်ဝင်း(ခ) ထက်အာကာ၊ ကောင်းထက်(ခ) ဖိုးစည်၊ ချမ်းမြေ့သူ(ခ)ဂျူးဂျူး၊** ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **နေမင်း(ခ) သက်ပိုင်စိုး၊ မင်းသားကြီး၊ မာမီ၊ ကိုပြည့်၊ သားငယ်၊ ပီရှိန်း၊ ကိုသက်၊ ဖြူလေး၊ ဘန်းကြီး၊ ဝသုန်စိုး၊ ဥက္ကာနှင့် အရိုး**တို့ပါဝင်သော အဖွဲ့ဝင် ၂၀ တို့ဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ အဆိုပါ STA အမည်ခံ အကြမ်းဖက်အဖွဲ့အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်း ဆရာ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများကို ဒလန်ဟု စွပ်စွဲကာ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်း၊ ငွေကြေးချမ်းသာသူများအား လက်နက်ဖြင့် ခြိမ်းခြောက်၍ ဓားပြတိုက်လုယက်ခြင်း၊ အကျပ်ကိုင်ခြိမ်းခြောက်၍ ငွေကြေးတောင်းခံခြင်းနှင့် ပြည်သူလူထုပိုင်အဆောက်အအုံများအား အကြောင်းမဲ့ ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်ရန် ရည်ရွယ်ဖွဲ့စည်းထားခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ထို့နောက် မတ်လ (ပထမပတ်)တွင် တရားခံ **ဇော်ထက်အောင်(ခ) ညီညီ**နှင့် **ရဲမင်းပိုင်(ခ)ရဲရဲမင်း(ခ) ဝင်းလွင်ဦး**တို့သည် ဖမ်းဆီးရန်ကျန် တရားခံ **တေဇ(ခ)ထိန်လင်း**ထံမှ လက်နက်/ ခဲယမ်းနှင့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများ ယူဆောင်ကာ ကြာအင်းဆိပ်ကြီးမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်လာခဲ့ပြီး **ရဲမင်းပိုင် (ခ)ရဲရဲမင်း (ခ)ဝင်းလွင်ဦး**၏ နေအိမ်တိုက်ခန်း၌ လက်လုပ်မိုင်းများကို စတင်စမ်းသပ် ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ **ဇော်ထက်အောင်(ခ) ညီညီ**နှင့် **ရဲမင်းပိုင်(ခ)ရဲရဲမင်း(ခ) ဝင်းလွင်ဦး**တို့ နှစ်ဦးသည် NLD ပါတီမှ ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း တရားခံပြေး **စိုးသူရထွန်း** နှင့် NLD အမာခံများဖြစ်သည့် တရားခံပြေး **စွန်ရဲ**နှင့် **တေဇ(ခ) ထိန်လင်း**တို့၏ ခိုင်းစေမှုဖြင့် ပေါက်ကွဲအားပြင်းထန်သည့် ယမ်းများအား ကော်ခွက် အခု ၅၀ အတွင်းသို့ ထည့်သွင်းကာ မဟာသင်္ကြန်ပွဲတော် ကာလအတွင်း ကြည့်မြင်တိုင်မြို့နယ် ဈေးကြီး အနောက်ရပ်ကွက် ကျောင်းကြီးလမ်းရှိ သင်္ကြန်မဏ္ဍပ်ကိုလည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် အတွင်းရှိ လူမှုကူညီရေးပရဟိတ အသင်းရုံးကို လည်းကောင်း၊ ရန်ကုန်မြို့အတွင်းရှိ လူစည်ကားသည့် သင်္ကြန်မဏ္ဍပ်များကို လည်းကောင်း ယုတ်မာရက်စက်သောအကြံဖြင့် အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးစေရန်နှင့် ထိတ်လန့် ကြောက်ရွံ့စေရန် ရည်ရွယ်၍ မိုင်းထောင်ဖောက်ခွဲပြီး တစ်ချိန်တည်းမှာပင် ပစ္စတိုနှစ်လက်ဖြင့် ပစ်ခတ်ရန်စီစဉ်ထားရှိခဲ့ကြောင်းနှင့် အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများ အောင်မြင်ပါက တရားခံပြေး **စိုးသူရထွန်း**က ငွေကျပ် ၁၀ သိန်း ပေးမည်ဟုညှိနှိုင်းသဘောတူထားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ထို့အပြင် မတ် ၂၈ ရက်မှစ၍ **ဇော်ထက်အောင်(ခ)ညီညီ**သည် ကြည့်မြင်တိုင်မြို့နယ် ဈေးကြီး အနောက်ရပ်ကွက် ကျောင်းကြီးလမ်းရှိ သင်္ကြန်မဏ္ဍပ် ဆောက်လုပ်နေသည့် မျက်နှာချင်းဆိုင်လမ်းတစ်ဖက်ခြမ်း၌ ကွမ်းယာဆိုင်ဖွင့်လှစ်ကာ မဏ္ဍပ်ဆောက်လုပ်နေမှုအခြေအနေနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အခြေအနေကို ကြိုတင်လေ့လာစောင့်ကြည့်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ NLD ပါတီမှ ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း တရားခံပြေး **စိုးသူရထွန်း** နှင့် NLD အမာခံများဖြစ်သည့် တရားခံပြေး **စွန်ရဲ**နှင့် **တေဇ(ခ) ထိန်လင်း**တို့သည်၎င်းတို့ထောက်ခံအားပေးသည့် NLD ပါတီသည် ရွေးကောက်ပွဲကော်မရှင်၏ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရ နိုင်ငံရေးပါတီအဖြစ် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ် သောကြောင့် မတ် ၂၉ ရက်မှစ၍ နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်းမှ ပယ်ဖျက်ကာ ပါတီအား ဖျက်သိမ်းလိုက်ခြင်း အပေါ် ကျေနပ်မှုမရှိ၍ လည်းကောင်း၊ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် STA အမည်ခံအကြမ်းဖက်အဖွဲ့မှ **နိုင်နိုင်ဝင်း(ခ) ထက်အာကာ၊ ကောင်းထက်(ခ) ဖိုးစည်**နှင့် **ချမ်းမြေ့သူ(ခ)ဂျူးဂျူး**တို့သုံးဦးအား ကြာအင်းဆိပ်ကြီးမြို့မှတစ်ဆင့် ရန်ကုန်မြို့တွင်းသို့ သွားရောက်၍ အကြမ်းဖက် လုပ်ငန်းများ လုပ်ဆောင်ရန် စေလွှတ်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ရှာဖွေဖော်ထုတ်ဖမ်းဆီးမှုများကြောင့် ဖမ်းဆီးခံခဲ့ရပြီး တရားရုံးမှ တည်ဆဲဥပဒေအရ ပြစ်မှုထင်ရှားသဖြင့် နှစ်ရှည် ထောင်ဒဏ်များချမှတ်ခဲ့မှုအပေါ် ကျေနပ်မှုမရှိသောကြောင့် လည်းကောင်း၊

စာမျက်နှာ ၁၈ သို့ ❖

သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့ပေါ်ရှိ အပြစ်မဲ့ပြည်သူများစုဝေးမည့်နေရာများ၌ ယုတ်မာရက်စက်သောအကြံဖြင့် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်ရန်စီစဉ်လျက်ရှိသည့် Special Task Agency – STA အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ



ဇော်ထက်အောင်(ခ)ညီညီ
STA အမည်ခံ
အကြမ်းဖက်အဖွဲ့ဝင်



ရဲမင်းပိုင်(ခ)ရဲရဲမင်း(ခ)
ဝင်းလွင်ဦး
STA အမည်ခံ
အကြမ်းဖက်အဖွဲ့ဝင်

STA အမည်ခံ
အကြမ်းဖက် အဖွဲ့ခေါင်းဆောင်
ရန်ကုန်မြို့တွင်းသင်္ကြန်ကာလ၌
ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ
ဆောင်ရွက်ရန် စေခိုင်းသူ



စိုးသူရထွန်း
NLD ပါတီ၊ ကွမ်းခြံကုန်းမြို့နယ်
ပြည်သူ့လွှတ်တော်
ကိုယ်စားလှယ်ဟောင်း

၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် ဖမ်းဆီးရမိခဲ့သည့် STA အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များ



နိုင်နိုင်ဝင်း(ခ)ထက်အာကာ
STA အမည်ခံ
အကြမ်းဖက်အဖွဲ့ဝင်



ကောင်းထက်(ခ)ဖိုးစည်
STA အမည်ခံ
အကြမ်းဖက်အဖွဲ့ဝင်



ချမ်းမြေ့သူ(ခ)ဂျူးဂျူး
STA အမည်ခံ
အကြမ်းဖက်အဖွဲ့ဝင်

STA အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် လက်နက်/ခဲယမ်းများနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ





# ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်းရှိ ကျေးရွာများအတွင်း၌ ခိုအောင်းနေရာယူပြီး အကြမ်းဖက်လုပ်ငန်းများနှင့် တရားမဝင် မှောင်ခိုလုပ်ငန်းများ လုပ်ဆောင်နေသည့် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများကို တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်ချေမှုန်း

နေပြည်တော် မေ ၉

KIA တပ်ရင်း တစ်ရင်းနှင့် NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအကြမ်းဖက်လက်နက်ကိုင်အင်အားစုတချို့သည် ရွှေကူမြို့နယ်အတွင်း ဝင်ရောက်နေရာယူပြီး ဒေသခံပြည်သူများကို အနိုင်ကျင့်နှိပ်စက်ခြင်း၊ ရွှေကူ-စီသာ-စီသောင်-အင်ဘာပါ လမ်းကြောင်းအား အသုံးပြု၍ ဗန်းမော်၊ လိုင်ဇာမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ တရားမဝင် အဖိုးတန်သစ်တော သယံဇာတများ ပို့ဆောင်ခြင်းနှင့် စစ်ကိုင်းတိုင်းအတွင်းရှိ PDF အမည်ခံအကြမ်းဖက်အဖွဲ့များထံ ပေးပို့မည့် လက်နက်၊ ခဲယမ်း ရောင်းချခြင်းနှင့် အကြမ်းဖက်သင်တန်းများ ဖွင့်လှစ်ရန် စီမံဆောင်ရွက်နေကြောင်း၊ ထို့အပြင် ပတ်ဝန်းကျင်ကျေးရွာများမှ အဓမ္မဆက်ကြေးကောက်ခံခြင်း၊ အစိုးရပညာရေးယန္တရားအား ရပ်တန့်စေပြီး NUG မှ တရားမဝင်ကျောင်းများ ဖွင့်လှစ်သင်ကြားရန် စီမံနေခြင်း စသည့်လုပ်ရပ်များအပေါ် ကျေနပ်မှုမရှိသော ဒေသခံများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက စနစ်တကျစုဖွဲ့၍ မတ် ၂၃ ရက်နေ့မှ မေ ၈ ရက်နေ့အထိ လေကြောင်းနှင့် အမြောက်ပစ်ကူရယူကာ စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ အဆင့်လိုက် ဆောင်ရွက်ခဲ့ရာ ထိတွေ့တိုက်ပွဲ ၂၁ ကြိမ် ဖြစ်ပွားခဲ့ပြီး မန်ဝိန်း၊ စီသာ၊ မန်ခါး၊ စီသောင်၊ စီမူလေး၊ စီမူကြီး၊ တုံးကောက်၊ ရွာသစ်ကုန်းနှင့် နန့်လန် ကျေးရွာများတစ်ဝိုက် အခြေပြုစုဖွဲ့လျက်ရှိသော အကြမ်းဖက်အဖွဲ့များကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့သည်။

အကြမ်းဖက်အဖွဲ့များအနေဖြင့် ကျေးရွာများ၏ စိုက်ပျိုးရေးလုပ်ငန်းအတွက် ပြုလုပ်ထားသည့် ကွန်ကရစ်ရေသွယ်မြောင်းများအား ဆက်သွယ်ရေးမြောင်းများအဖြစ် ပြောင်းလဲအသုံးချကာ ပစ်ကျင်းများတူး၍ အခိုင်အမာ ရွာပုံစံ ခံစစ်စခန်းအဖြစ် လည်းကောင်း၊ မန်ခါးကျေးရွာ တံတားအောက်တွင် သဲအိတ်များအသုံးပြုပြီး ဘန်ကာတည်ဆောက်၍ လည်းကောင်း၊ စီမူလေးကျေးရွာ ဘုန်းကြီးကျောင်းအတွင်း သဲအိတ်များကာရံကာ ခံစစ်ပြင်ဆင်ထား၍လည်းကောင်း တပ်မတော်စစ်ကြောင်းများ၏ ထိုးစစ်များအား အပြင်းအထန်ခုခံတိုက်ခိုက်ခဲ့သော်လည်း တပ်မတော်စစ်ကြောင်းများ၏ ရှပ်ရှပ်ချုံချုံ ဟန်ချက်ညီညီ ပစ်ကူပစ်အားရယူကာ စနစ်တကျ တိုက်ခိုက်ချေမှုန်းခဲ့သဖြင့် ၎င်းတို့၏ လက်နက်/ခဲယမ်း ထောက်ပံ့ရေးနှင့် တရားမဝင်သစ်မှောင်ခို အဓိကဖြတ်သန်းရာနေရာများဖြစ်သည့် အဆိုပါကျေးရွာများကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ဖရိုဖရဲဖြင့် အရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ ၎င်းတို့ဆုတ်ခွာ ထွက်ပြေးစဉ် ကျေးရွာများအလိုက် နီးစပ်ရာလူနေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးငြှိမ်းသတ်ခြင်းလုပ်ငန်းများကိုပါ ပူးတွဲဆောင်ရွက်ခဲ့ရသည်။

ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ကျဆုံးဒဏ်ရာရရှိခဲ့ပြီး KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများထံမှ အလောင်း ၁၇ လောင်း၊ လက်နက်မျိုးစုံ ၁၇ လက်၊ ကျည်အိမ်မျိုးစုံ ၁၀ ခု၊ ခဲယမ်းမျိုးစုံ ၂၇၉ တောင့်၊ ဗုံးသီးမျိုးစုံ ၁၂ လုံး၊ လက်ပစ်ဗုံး ၁၉ လုံး၊ မိုင်းမျိုးစုံ ၂၅ လုံး၊ စပ်ဆက်ပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများ သိမ်းဆည်းရရှိခဲ့သည်။

မန်ဝိန်း၊ စီသာ၊ မန်ခါး၊ စီသောင်၊ စီမူလေး၊ စီမူကြီး၊ တုံးကောက်၊ ရွာသစ်ကုန်းနှင့် နန့်လန် ကျေးရွာများအား ပြန်လည်ထိန်းချုပ်နိုင်ခဲ့သဖြင့် အကြမ်းဖက်သမားများ၏ တရားမဝင်သစ်တောသယံဇာတများ ပို့ဆောင်ခြင်း၊ လက်နက်/ခဲယမ်းများအား လိုင်ဇာဒေသမှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ PDF အမည်ခံအကြမ်းဖက်အဖွဲ့များထံ ပို့ဆောင်ခြင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ အကြမ်းဖက်သင်တန်းသားများ လိုက်ဇာဒေသသို့ ပို့ဆောင်ခြင်းများလုပ်ဆောင်လျက်ရှိသည့် ဆက်သွယ်မှုလမ်းကြောင်းအား ဖြတ်တောက်ပိတ်ဆို့နိုင်ခဲ့သည့်အပြင် KIA တပ်မဟာ(၈)နယ်မြေ ဒါးဝယ်သို့ တရားမဝင်ဆက်သွယ်သည့် လမ်းကြောင်းကိုလည်း ထိန်းချုပ်ဟန့်တားနိုင်ခဲ့ကြောင်း သိရှိရသည်။

သိမ်းဆည်းရမိသော အထောက်အထားများအရ KIA အဖွဲ့သည် ၂၀၁၇ ခုနှစ်တွင် မန်ကံဒေသ၌ တပ်မတော်၏ တိုက်ခိုက်ချေမှုန်းမှုကြောင့် ပြိုကွဲသွားခဲ့သည့် KIA တပ်ရင်း(၁၂)ဟု သိရှိရပြီး ရွှေကူမြို့နယ်အတွင်း အခြေခံနယ်မြေတည်ဆောက်ရန် ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာအချို့အတွင်းဝင်ရောက်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိခြင်းကြောင့် ဒေသခံပြည်သူများ အေးချမ်းတည်ငြိမ်စွာ နေထိုင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့များက နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်အဖွဲ့များ၏ ဝင်ထွက်သွားလာမှု သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး၍ နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းပါဝင်ကြရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်



စီမူလေးကျေးရွာ ဘုန်းကြီးကျောင်းအတွင်း သဲအိတ်များကာရံ၍ KIA/PDF အကြမ်းဖက်သမားများက စစ်စခန်းပြုလုပ်ထားသည်ကို တွေ့ရစဉ်။



စီမူလေးကျေးရွာ ဘုန်းကြီးကျောင်းအတွင်း၌ KIA/PDF အကြမ်းဖက်သမားများက တရားမဝင်စာသင်ကျောင်း ဖွင့်လှစ်သင်ကြားမှု မှတ်တမ်းဓာတ်ပုံ။





KIA/PDF အကြမ်းဖက်သမားများက ကွန်ကရစ်ရေသွယ်မြောင်းများအား ဆက်သွယ်ရေးမြောင်းများပြုလုပ်၍ ပစ်ကျင်းများပြုလုပ်ထားမှုကို တွေ့ရစဉ်။



KIA/PDF အကြမ်းဖက်သမားများက မန်ခါးကျေးရွာတံတားအောက်၌ သဲအိတ်များကာရံ၍ ဘန်ကာပြုလုပ်ထားမှုကို တွေ့ရစဉ်။



KIA/PDF အကြမ်းဖက်သမားများအား မိုင်းများ၊ ဆေးပစ္စည်းစုံအိတ်နှင့်အတူ ပစ်ခတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



KIA/PDF အကြမ်းဖက်သမားများအား ပစ်ခတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။







KIA/PDF အကြမ်းဖက်သမားများထံမှ လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။



## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် လဟယ်မြို့၌ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီနှင့် တွေ့ဆုံပွဲ ကျင်းပ

မုံရွာ မေ ၉

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ နာဂဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ခရိုင်/မြို့နယ်ဒေသအဆင့် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက မိမိတို့တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများအား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့မိမြို့ဖများနှင့် နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီများမှ တာဝန်ရှိသူများက မြို့ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ခရိုင်/မြို့နယ်ဒေသအဆင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌထံ ငွေကျပ် ၁၀ သိန်းအား ပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လဟယ်မြို့ ဟွေထိုက်အသေးစား ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင် အကျယ် ငါးဧကမြေပေါ်တွင် ရိုးရာကွင်း အသစ်တည်ဆောက်မည့် မြေနေရာနှင့် ပြည်သူ့အားကစားကွင်း ဘောလုံးကွင်းအဆင့်မြှင့်တင်နေမှုများ၊ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို) ကျောင်းဝင်းအတွင်း မြေထိန်းနံရံ၊ သိမ်ကျောင်းနှင့် ဆွမ်းစားဆောင် အဆောက်အအုံပတ်ဝန်းကျင် ကွန်ကရစ်ခင်းကျင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ တိုင်းဒေသကြီး(ပြန်/ဆက်)

---

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

### ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

**လိုက်နာဆောင်ရွက်ရန်အချက်များ**

- အရိပ်ရ၍အေးမြသောနေရာများတွင်သာ နေပါ၊
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပုခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊
- နေ့ခင်းနေ့လည်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ၊ နေကာမျက်မှန်တပ်ဆင်ပါ၊
- ရေများများသောက်ပါ။

**ရှောင်ကြဉ်ရန်အချက်များ**

- နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း တို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ပူပြင်းသောနေရောင်အောက်မှအလွန်အေးသောအခန်းနှင့်ကားအတွင်းသို့ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်းမှပူပြင်းသောနေရောင်ထဲသို့ချက်ချင်းထွက်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊
- အရက်သေစာသောက်စားခြင်းကိုရှောင်ကြဉ်ပါ။

**အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ**

- သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
- အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

(ဧပြီလ၊ ၂၀၂၃)

---

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၄-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း ) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၅၀ | ၂၃၀၀ | ၂၂၉၅ | ၂၂၆၀ | ၂၂၉၅ | ၂၃၂၀ | ၂၃၀၅ | ၂၂၈၅ | ၂၃၈၀ | ၂၃၉၅ | ၂၂၉၀ | ၂၃၀၀ | ၂၃၃၅ | ၂၃၃၅ | ၂၃၄၀ | ၂၅၇၀ | ၂၈၁၀ |
| 95 Ron | ၂၃၁၅ | ၂၃၆၅ | ၂၃၆၅ | ၂၃၂၅ | ၂၃၆၅ | ၂၃၈၅ | ၂၃၇၀ | ၂၃၅၀ | ၂၄၅၀ | ၂၄၆၅ | ၂၃၅၅ | ၂၃၇၅ | ၂၄၀၀ | ၂၄၀၅ | ၂၄၀၅ | ၂၆၃၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၅၀ | ၂၁၉၅ | ၂၁၉၅ | ၂၁၅၅ | ၂၁၉၅ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၃၀၀ | ၂၂၉၅ | ၂၁၉၀ | ၂၂၀၀ | ၂၂၃၅ | ၂၂၃၅ | ၂၂၃၅ | ၂၄၆၅ | ၃၁၀၀ |
| HSD (50 ppm) | ၂၂၃၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၃၅ | ၂၂၇၅ | ၂၃၀၀ | ၂၂၉၅ | ၂၂၆၀ | ၂၃၈၀ | ၂၃၇၅ | ၂၂၇၀ | ၂၂၈၀ | ၂၃၁၅ | ၂၃၁၅ | ၂၃၁၅ | ၂၅၄၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၂၃၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၃၅ | ၂၂၇၅ | ၂၃၀၀ | ၂၂၉၅ | ၂၂၆၀ | ၂၃၈၀ | ၂၃၇၅ | ၂၂၇၀ | ၂၂၈၀ | ၂၃၁၅ | ၂၃၁၅ | ၂၃၁၅ | ၂၅၄၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း ) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၃၈ | ၂၂၁၄ |
| 95 Ron | ၂၂၀၂ | ၂၂၈၀ |
| HSD (500 ppm) | ၂၀၄၂ | ၂၁၁၃ |
| HSD (50 ppm) | ၂၁၁၆ | ၂၁၈၈ |
| HSD (10 ppm) | ၂၁၁၆ | ၂၁၈၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၂၅၄၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၉-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၈-၄-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီမှ (၉-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၄၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၂၀၆,၆၀၂)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၀၉၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း(၆၁၄,၅၉၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၈-၄-၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၉၀,၃၅၈) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၄၈,၆၉၉) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု (၈-၄-၂၀၂၃ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၉၀,၃၅၈ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၄၈,၆၉၉ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# သထုံမြို့ စူဠာမုနိစေတီတော်၏ ထီးတော်တင်လှူပူဇော်ပွဲ၊ “ဒက္ခိဏဒီပံ”သာသနာငါးထောင်အလင်းဆောင် သာသနာ့ဗိမာန်တော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပ

**သထုံ မေ ၉**

မွန်ပြည်နယ် သထုံမြို့၏ကျက်သရေဆောင် လေးဆူဓာတ်စံရွှေစာရံစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ စူဠာမုနိစေတီတော်၏ ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော် တင်လှူခြင်း၊ “ဒက္ခိဏဒီပံ” သာသနာငါးထောင်အလင်းဆောင် သာသနာ့ဗိမာန်တော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ ဖွင့်လှစ်ရေစက်ချခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်က သာသနာ့ဗိမာန်တော်သစ်၌ ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက “ဒက္ခိဏဒီပံ” သာသနာငါးထောင်အလင်းဆောင် သာသနာ့ဗိမာန်တော်သစ်ကြီးအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး ဗိမာန်တော်သစ် ကမ္ပည်းမော်ကွန်းနှင့် “ဒက္ခိဏဒီပံ” ဝိဇ္ဇာညီနောင် ဂဝံမုခ်ဦးကမ္ပည်းမော်ကွန်းတို့အား အမွှေးနံ့သာရည်များပက်ဖျန်းခဲ့ကြသည်။

ဆက်လက်၍ ဆရာတော်သံဃာတော် အရှင်သူမြတ်များက ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူ



သော မေတ္တာသုတ်အစရှိသည့် ပရိတ်တရားတော်များ နာယူကြည်ညိုခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စူဠာမုနိစေတီတော်မြတ်တွင် တင်လှူပူဇော်မည့် ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့အား ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းခြင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ အလှူရှင်များနှင့် ဧည့်ပရိတ်သတ်အပေါင်းတို့က စူဠာမုနိစေတီတော်၏ ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော် တင်လှူခြင်း၊ “ဒက္ခိဏဒီပံ” သာသနာငါးထောင်အလင်းဆောင် သာသနာ့ဗိမာန်တော်ဆောက်လုပ်လှူဒါန်းခြင်း၊ “ဒက္ခိဏဒီပံ” ဝိဇ္ဇာညီနောင် ဂဝံမုခ်ဦး မုခ်ဝနှင့် သုဗိန္ဒာနာဂရ(သထုံ) ဇေယျာဘုမ္မိအောင်မြေ အစရှိသည့် လှူဒါန်းမှုအစုစုတို့အတွက် ကျိုက်ထီးဆောင်း ဒုတိယဒီပဆရာတော်ထံမှ အနုမောဒနာ တရားနာယူကြည်ညို၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ယင်းနောက် ဆရာတော်သံဃာတော်များ အမှူးပြု၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့အား မင်္ဂလာအချိန်၌ ပင့်ဆောင်ကာ စေတီတော်အထွတ်သို့ တင်လှူပူဇော်ခဲ့ကြပြီး စေတီတော်နှင့် ရုပ်ပွားတော်မြတ်များအား ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်ပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း (MSME) အသင်း နေပြည်တော်၏ ပထမအကြိမ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် မေ ၉**

အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း (MSME) အသင်း နေပြည်တော်၏ ပထမအကြိမ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား၊ ဂုဏ်ပြုညစာစားပွဲနှင့် အလုပ်အမှုဆောင်များ၏ Gathering Dinner အခမ်းအနားကို ယမန်နေ့ ည ၇ နာရီက နေပြည်တော်ရှိ မြန်မာသုခ ဘူဖေးထမင်းဆိုင်၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုးက အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း (MSME) အသင်း နေပြည်တော်အနေဖြင့် ယခုလို ပြိုင်ပွဲများ ဆောင်ရွက်ပေးသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ ပြိုင်ပွဲများ ဆောင်ရွက်ပေးခြင်းဖြင့် အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစား အဆင့်အတန်း တိုးတက်မြင့်မားကာ နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အားကစားသမားများ ပေါ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါ်မိုးမိုးအေးက အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း (MSME) အသင်း နေပြည်တော်၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း (MSME) အသင်း နေပြည်တော်ဥက္ကဋ္ဌ ဦးကျော်စွာဝင်းက အသင်းလှုပ်ရှားမှုများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။




ထို့နောက် နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက Winner ဆု၊ Longest Drive ဆု၊ Nearest Line ဆု ၊ Nearest Pin ဆု၊ Most Biridie ဆု၊ Most Par ဆုနှင့် Best Loser ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အောင်ကို(ပြန်/ဆက်)

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၇၉၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မေ ၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မေ ၁၀ ရက်မှ ၂၃ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၇၉၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



# သာစည်မြို့၌ နွေရာသီအခြေခံ အားကစားသင်တန်းဆင်းပွဲ ကျင်းပ

သာစည် မေ ၉

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲအခမ်းအနားကို မေ ၇ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့အားကစားပြိုင်ကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ဆက်လက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများနှင့် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ နည်းစနစ်မှူး ဦးဟိန်းဇာထွန်းက ကရာတေး၊ မြန်မာ့သိုင်း၊ မြန်မာ့ရိုးရာခြင်းလုံးကစားနည်း၊ ဘော်လီဘော၊ ဘောလုံးနှင့်Fitness Dance ကစားနည်း ခြောက်မျိုးတို့မှ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းနည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အဆိုပါသင်တန်းများကို မတ် ၁၀ ရက်မှ မေ ၇ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၁၁၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖ စာမျက်နှာ ၁၄ မှ
မြန်မာ့ရိုးရာ အစဉ်အလာဖြစ်သည့် မဟာ သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့၌ လမ်းလျှောက် သင်္ကြန်နှင့် သင်္ကြန်မဏ္ဍပ်များ ဖွင့်လှစ်ကာ ပျော်ပွဲရွှင်ပွဲများ ပြုလုပ်၍ စည်ကားလာမည့်အပေါ် မနာလို မရှုဆိတ်သည့်စိတ်ဖြင့် အပြစ်မဲ့ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားမှုမရှိစေရန်နှင့် ထိတ်လန့်ကြောက်ရွံ့စေရန်အတွက်လည်းကောင်း၊ တရားခံ **ဇော်ထက်အောင် (ခ) ညီညီနှင့်** ရဲမင်းပိုင်(ခ)ရဲရဲမင်း(ခ)ဝင်းလွင်ဦး တို့အနေဖြင့်လည်း ငွေကြေးရယူလိုမှုဖြင့် အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန် စီစဉ်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကွက်ပြည့်နင်း ရှာဖွေစစ်ဆေးဖော်ထုတ်မှုတို့ကြောင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး မဆောင်ရွက်နိုင်မီ ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးနှင့် မဟာသင်္ကြန်ကာလအတွင်း ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးတို့ အတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေး သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါင်မြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲ ပြုလုပ်

ပေါင် မေ ၉

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း နွေစပါးစံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ပေါင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

နွေစပါးစံကွက် ရိတ်သိမ်းခြင်းကို ပေါင်မြို့နယ် နွေစပါးဧက ၁၀၀၊ တစ်ဧက တင်း ၁၂၀ ထွက်ရှိရေး စံပြကွက်ဆောင်ရွက်ထားသော ကတ္တန်ကျေးရွာ တောင်သူ ဦးကျော်ဝင်း၏ GW–11 စပါးစိုက်ခင်း သုည ဒသမ ၁၀ ဧကရှိစံကွက်အား ရိတ်သိမ်းခြွေလှေ့ခဲ့ရာ အစို ၁၅ တင်း၊ အခြောက် ၁၃ ဒသမ ၆၅ တင်းထွက်ရှိခဲ့သဖြင့် တစ်ဧကလျှင် ပျမ်းမျှ အစိုတင်း ၁၅၀၊ အခြောက်တင်း ၁၃၆ ဒသမ ၅၀ ထွက်ရှိခဲ့ကြောင်း သိရသည်။

ပေါင်မြို့နယ်တွင် နွေစပါးစိုက်ဧကပေါင်း ၂၀၀၉၂ ဧကရှိပြီး ယခုအချိန်တွင် နွေစပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၄ သိန်းကျော်ဖြင့် အရောင်းအဝယ်ပြုလုပ်နေကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

○ သင်္ကြန်ရုံးပိတ်ရက်များမှ

အဆိုပါခရီးစဉ်များကို ရုံးဖွင့်ရက်များနှင့် ရုံးပိတ်ရက်များတွင် အသွားခေါက်ရေ ၄၀၊ အပြန်ခေါက်ရေ ၄၀ နှုန်းဖြင့် ဒလဆိပ်ကမ်းမှ စတင်ထွက်ခွာချိန် နံနက် ၅ နာရီခွဲမှ ည ၆ နာရီ မိနစ် ၄၀ အထိလည်းကောင်း၊ ပန်းဆိုးတန်းဆိပ်ကမ်းမှ နံနက် ၆ နာရီမှ ည ၇ နာရီအထိလည်းကောင်း ပုံမှန်ပြေးဆွဲပေးလျက်ရှိသည်။

၂၀၂၃ ခုနှစ် သင်္ကြန်ရုံးပိတ်ရက်ကာလ မေ ၁၃ ရက်မှ ၁၇ ရက်များတွင် နံနက် ၆ နာရီမှ ည ၆ နာရီခွဲအထိ လည်းကောင်း၊ ပန်းဆိုးတန်းဆိပ်ကမ်းမှ နံနက် ၆ နာရီခွဲမှ ည ၇ နာရီအထိ လည်းကောင်း သဘောာရေယာဉ်ခရီးစဉ်များကို ပြောင်းလဲသတ်မှတ်၍ ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။ သင်္ကြန်ရုံးပိတ်ရက်ကာလပြီးဆုံးပါက သဘောာခေါက်ရေ ခရီးစဉ်များ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကြံ့ခိုင်ရေးရပ်ကွက်နေ စန္ဒာဦးသည် ၎င်းအသုံးပြုသည့် “Sandar Oo” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၂၅)ရပ်ကွက်နေ မင်းလွင်(ခ)အေးမင်းသည် ၎င်းအသုံးပြုသည့် “Aye Min” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုစမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၇၄ စုံ | ၄၂၆ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၂၀ စုံ | ၂၇၉ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၀၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများဆိုင်ရာ အထူးသက်သာခွင့်များ
## ညှိနှိုင်းကြီးကြပ်ရေးလုပ်ငန်းကော်မတီ
## လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ပြည်တွင်းတွင်တပ်ဆင်ထုတ်လုပ်ခြင်းတို့အတွက် အခွန်နှင့် အကောက်ခွန်များကင်းလွတ်ခွင့်ပြုခြင်း

၁။ နိုင်ငံတော်၏ လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒနှင့်အညီ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်း၊ ပြည်တွင်းတွင် တပ်ဆင်ထုတ်လုပ်ခြင်းတို့အတွက်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူအတည်ပြုချက်အရ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အကောက်ခွန်များကို အောက်ပါအတိုင်း ကင်းလွတ်ခွင့်ပြုထားပါသည်-

(က) ၁၇-၁၁-၂၀၂၂ ရက်စွဲပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်(၄၈/၂၀၂၂) ဖြင့် ထုတ်ပြန်ထားသည့် ၂၀၂၂ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေတွင် ဘက်ထရီလျှပ်စစ်ကားနှင့် ယင်း၏ဘက်ထရီများအတွက် ကုန်သွယ်လုပ်ငန်းခွန်နှင့် ဘက်ထရီလျှပ်စစ်ကားအတွက် အထူးကုန်စည်ခွန်များကို ၁-၁၀-၂၀၂၂ ရက်မှ ၃၁-၃-၂၀၂၃ ရက်နေ့ထိ ကင်းလွတ်ခွင့်ပြုပါသည်။

(ခ) ဘက်ထရီလျှပ်စစ်သုံး သုံးဘီးတပ်ယာဉ်၊ နှစ်ဘီးတပ် လျှပ်စစ်မော်တော်ဆိုင်ကယ်၊ နှစ်ဘီးတပ်လျှပ်စစ်စက်ဘီး၊ လျှပ်စစ်သုံးယာဉ်များ၏ ဆက်စပ်ပစ္စည်းများ၊ အားသွင်းရုံဆိုင်ရာ ပစ္စည်းများနှင့် အားသွင်းစနစ်ဆိုင်ရာ ပစ္စည်းများအပေါ် ၁-၁-၂၀၂၃ ရက်မှ ၃၁-၃-၂၀၂၃ ရက်ထိ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) ၃၀-၃-၂၀၂၃ ရက်စွဲပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၁၈/၂၀၂၃) ဖြင့် ၂၀၂၃ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေတွင် ဘက်ထရီလျှပ်စစ်သုံး သုံးဘီးတပ်ယာဉ်များ၊ နှစ်ဘီးတပ်ယာဉ်များအပါအဝင် ဘက်ထရီလျှပ်စစ်သုံးယာဉ်များ [Battery Electric Vehicles (BEVs)၊ ယင်းတို့၏ ဘက်ထရီများနှင့် ဘက်ထရီလျှပ်စစ်သုံးယာဉ်များအတွက် သီးသန့်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအားလည်းကောင်း၊ ဘက်ထရီလျှပ်စစ်သုံးယာဉ်များအတွက် ဘက်ထရီအားသွင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအားလည်းကောင်း ကုန်သွယ်လုပ်ငန်းခွန်နှင့် ဘက်ထရီလျှပ်စစ်ကားအတွက် အထူးကုန်စည်ခွန်များကို ၁-၄-၂၀၂၃ ရက်မှ ၃၁-၃-၂၀၂၄ ရက်နေ့ထိ ကင်းလွတ်ခွင့်ပြုပါသည်။

(ဃ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂-၁၁-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၉၀/၂၀၂၂)ဖြင့် Completely Built-Up (CBU)စနစ်၊ Completely Knocked Down (CKD) စနစ်နှင့် Semi-Knocked Down (SKD) စနစ်တို့ဖြင့် ပြည်ပမှတင်သွင်းသည့် အောက်ဖော်ပြပါ ဘက်ထရီမှလျှပ်စစ်စွမ်းအင်ကို ရယူမောင်းနှင်သည့် လျှပ်စစ်သုံးယာဉ် Battery Electric Vehicle--BEV) အမျိုးအစားများအတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ တွင် သတ်မှတ်ထားသော အကောက်ခွန်နှုန်းများကို သုည ရာခိုင်နှုန်းသို့လျှော့ချ သတ်မှတ်ထားပါသည်-

(၁) လမ်းပေါ်တွင်မောင်းနှင်နိုင်သည့်နောက်တွဲယာဉ်ကိုဆွဲသည့်ယာဉ် (Road tractor for Semi-trailer)၊
(၂) ယာဉ်မောင်းအပါအဝင် ၁၀ ဦး သို့မဟုတ် ၁၀ ဦးနှင့် အထက် စီးနင်းနိုင်သော ခရီးသည်တင် မော်တော်ယာဉ် (Bus) (Motor Vehicles for the transport of ten or more person including the driver)
(၃) ကုန်တင်ယာဉ် (Truck)၊
(၄) လူစီးယာဉ်(Motor Vehicles for the transport of person)၊
(၅) သုံးဘီးတပ်ယာဉ် (လူစီး) (Three-wheeled vehicles for transport of person)၊
(၆) သုံးဘီးတပ်ယာဉ် (ကုန်တင်)(Three-wheeled vehicles for transport of Goods)
(၇) လူစီးနှစ်ဘီးတပ်လျှပ်စစ်မော်တော်ဆိုင်ကယ်(Electric Motorcycle)၊
(၈) လူစီးနှစ်ဘီးတပ်လျှပ်စစ်စက်ဘီး ( Electric Bicycle)၊
(၉) လူနာတင်ယာဉ် (Ambulances)၊
(၁၀) ထောင်ကား(Prison Vans)၊
(၁၁) နိဗ္ဗာန်ယာဉ်(Hearses)၊
(၁၂) အပိုဒ်ခွဲ (က)မှ (ဠ)ထိပါ လျှပ်စစ်သုံးယာဉ်များနှင့် စပ်လျဉ်း၍ တင်သွင်းခြင်းအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နည်းပညာပိုင်းဆိုင်ရာ ထောက်ခံချက်ပါရှိသည့် လျှပ်စစ်သုံးယာဉ်များ၏ ဆက်စပ်ပစ္စည်းများ (ဥပမာ- အားသွင်းရုံဆိုင်ရာပစ္စည်းများ၊ အားသွင်းစနစ်ဆိုင်ရာပစ္စည်းများ) နှင့် တင်သွင်းခြင်းအတွက် စက်မှုဝန်ကြီးဌာန၏ ထောက်ခံချက်ပါရှိသည့် ပူးတွဲစာရင်းပါ လျှပ်စစ်သုံးယာဉ်များ၏ အပိုပစ္စည်း (Spare Part) များ။

(င) အထက်အပိုဒ်(ဃ)ပါ အမိန့်ကြော်ငြာစာသည် ၃၁-၃-၂၀၂၃ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။ ဆက်လက်၍ ၁-၄-၂၀၂၃ ရက်မှ ၃၁-၃-၂၀၂၄ ရက်ထိ ကင်းလွတ်ခွင့်ပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထို့ပြင် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်းများနှင့် စပ်လျဉ်း၍ အောက်ပါသက်သာခွင့်များကိုလည်း စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်-

(က) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဘက်ထရီမှလျှပ်စစ်စွမ်းအင်ကို ရယူမောင်းနှင်သည့် လျှပ်စစ်သုံးမော်တော်ယာဉ် (Battery Electric Vehicle-BEV) များကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်မှစတင်၍ ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုခြင်း၊

(ခ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့အနေဖြင့် လျှပ်စစ်သုံးယာဉ်များအပေါ် ၂၀၂၃-၂၀၂၅ အထိ ၁၀၀% ဘီးခွန်ကင်းလွတ်ခွင့်၊ မြို့ဝင်ကြေး၊ လမ်းအသုံးပြုခ၊ တန်ပိုကြေး၊ အရောင်းပြခန်း၊ လုပ်ငန်းလိုင်စင်၊ ညအိပ်ခ၊ ပစ္စည်းခွန် စသည်တို့အပေါ်၌အခွန်အခကင်းလွတ်ခွင့်ပြုခြင်း၊

(ဂ) ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရန်ကုန်-မန္တလေးအမြန်လမ်း၊ B.O.T စနစ်ဖြင့် ဆောင်ရွက်သောလမ်း၊ ကျန်ပြည်ထောင်စုလမ်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်လမ်းများတွင် လျှပ်စစ်သုံးယာဉ်များအတွက် လမ်း၊ တံတားအသုံးပြုခများနှင့် စပ်လျဉ်း၍ ၁-၄-၂၀၂၃ မှ ၃၁-၃-၂၀၂၅ အထိ "၂ နှစ်"ကင်းလွတ်ခွင့်ပြုခြင်း။

၃။ အထက်အပိုဒ် ၁ ပါ အခွန်နှင့် အကောက်ခွန်ကင်းလွတ်ခွင့်များနှင့်စပ်လျဉ်း၍ နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင်ထည့်သွင်းပြဋ္ဌာန်း၍လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ အထက်အပိုဒ် ၂ ပါ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခကင်းလွတ်ခွင့်၊ စည်ပင်သာယာရေးကော်မတီများမှ အခြားသက်သာခွင့်များ ကင်းလွတ်ခွင့်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်း၊ တံတား အသုံးပြုခများ ကင်းလွတ်ခွင့်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာန/ အဖွဲ့ အစည်းများမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိ ပါကြောင်း အများပြည်သူသိရှိနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

---

### အမှားပြင်ဆင်ချက်

(၆-၄-၂၀၂၃)ရက်၊ ကြေးမုံသတင်းစာ စာမျက်နှာ(၂၀)ပါ အများသိစေရန် အသိပေးကြေညာချက်မှ ကမာရွတ်မြို့နယ်၊ မြေတိုင်း(၈၀)၊ မြေကွက် (၇) ရှိအဆောက်အဦ၏ဒုတိယထပ်(A)အား ပထမထပ်(A)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဒေါ်ဆုမြတ်အောင်**
**တရားလွှတ်တော်ရှေ့နေ**

---

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဝဏ္ဏသိဂီလမ်း၊ တိုက်အမှတ်(၅၀၉)၊ မြေတိုင်းအမှတ် ၃၄/FG၊ မြေရေိယာအကျယ်အဝန်း(အလျား ၃၀ပေ xအနံ၅၀ပေ)မြေကွက်ပေါ်ရှိ(၂)ခန်းတွဲ၊ (၆)ထပ်တိုက်၊ RC တိုက်၏ တတိယထပ်၊ ၄လွှာ(ယာဘက်ခန်း)၊ တိုက်ခန်းနှင့် ၎င်းအခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးစိုးအောင်[၃/ဘအန(နိုင်)၁၁၉၃၃၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုမြတ်ညိမ်း[၁၂/ဗဟန(နိုင်)၀၈၂၇၆၂]က အထက်ပါတိုက်ခန်းအား အပြီးအပိုင်လက်ရောက် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်စုမြတ်ညိမ်း**
**[၁၂/ဗဟန(နိုင်)၀၈၂၇၆၂]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟိန်းဝေစိုး အထက်တန်းရှေ့နေ(စဥ်-၄၉၂၆၆)**
**ဦးဘိုဘိုကျော်ဝင်း အထက်တန်းရှေ့နေ(စဥ်-၅၂၇၁၂)**
**တိုက် C2A၊ အခန်း(၁၁၀)၊ ပထမထပ်၊ Time Square Condo၊ ဗိုလ်တထောင်ဈေးလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၄၆၀၀၅၃**

---

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောခရိုင်၊ ကလောမြို့နယ်၊ ကလောမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်-၂၀/ရွာသစ်အနောက်ရပ်၊ ဦးပိုင်အမှတ်-၃၃ ရှိ အလျား(အရှေ့အနောက်-၃၈ ပေ/ ၃၆ခွဲပေ)၊ (တောင်မြောက်-၆၀ပေ/၆၀ပေ)၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်အုတ်ခံ နေအိမ်(၁၀)ပေ(၂)ခန်း၊ ဘုရားခန်း၊ မီးဖိုခန်းအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မြတင်[၁၂/အစန(နိုင်)၁၁၈၄၅၉]+ဦးသန်းဇော်[၁၂/အစန(နိုင်)၁၁၆၄၄၆]ထံမှ ကျွန်တော် ဦးတင်ထွန်းကျော်[၁၂/ဥကတ(နိုင်)၀၅၄၈၉၉]+ဒေါ်ထိုက်ထိုက်စိုး[၁၂/ကတတ(နိုင်)၀၀၂၇၆၇]သည် အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်တော် ဦးတင်ထွန်းကျော်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ထွန်းကျော်+ဒေါ်ထိုက်ထိုက်စိုး**
**ဖုန်း-၀၉-၅၀၄၀၉၉၄**

---

### ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၁)ရပ်ကွက်၊ သံချက်ဝန်ဦးမြူလမ်း၊ မြေကွက်အမှတ်(၅၃၁)၏မြေအကျယ်အဝန်း(၄၀ x ၆၀)ပေရှိ ဒေါ်ထားရီ[၁၂/လမန(နိုင်)၀၅၃၇၆၁]အမည်ပေါက် မြေချပါမစ်မြေအမျိုးအစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးအောင်နိုင်စိုး[၁၂/မရက(နိုင်)၁၁၂၀၉]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**REALITY KING LAW FIRM**

**ဦးဇော်မျိုးအောင်(စဥ်-၁၁၄၆၂)**
**(LL.B, D.I.L)**

**ဒေါ်ခင်အေးသန်း(စဥ်-၉၁၁၉)**
**(LL.B,D.B.L, D.I.L,WIPO Switzerland)**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၅၇၇၅၁၂၄၁**

---

### ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဌ)ရပ်ကွက်၊ မြေကွက်အမှတ်(၅၄)၊ သစ္စပန်းလမ်းကြီး၊ အကျယ်အဝန်း (၁၅x၄၅)ပေ မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အောင်မင်္ဂလာအဝေးပြေးဝင်း၊ ဒညင်း/နှင်းရိုးချောင်းပတ်လမ်း၊ အမှတ်(ထ/၈)နေ ဦးဝင်းနိုင်(ခ) ဦးပန်းတင်[၁၄/ကပန(နိုင်)၁၂၂ ၅၅၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဌ)ရပ်ကွက်၊ မြေကွက်အမှတ်(၅၄)၊ သစ္စပန်းလမ်းမကြီး၊ အကျယ်အဝန်း(၁၅x၄၅)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ကာလပေါက်ဈေး(၁၂၅)သိန်းဖြင့် (၁၆-၁၂-၂၀၁၆)ရက်နေ့တွင် ဦးမြင့်ကိုထံမှဝယ်ယူကာလက်ရောက်ရရှိခဲ့ပြီး RC(၂)ထပ်တိုက်အသစ်ဆောက်လုပ်ကာ အိမ်ငှားတင်ထားခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေဝယ်ယူထားသော အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေမှ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လုပ်ပိုင်ခွင့်၊ ကိုယ်စားလှယ်လွှဲပေးထားခြင်း ယနေ့အထိလုံးဝမရှိပါ။ ထို့အပြင် အဆိုပါအိမ်ခြံမြေကို မည်သူတစ်ဦးတစ်ယောက်ကိုမျှလည်း ကျွန်ုပ်မိတ်ဆွေအနေဖြင့် ရောင်းထားခြင်း၊ လွှဲပြောင်းပေးအပ်ထားခြင်း၊ စွန့်လွှတ်လှူဒါန်းထားခြင်း လုံးဝမရှိပါ။ ထို့ကြောင့် အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေမသိဘဲ ရောင်း/ဝယ်/ ပေါင်/ငှား/ပေးကမ်းခြင်း မပြုလုပ်ရန်နှင့် ထိုကဲ့သို့ပြုလုပ်လာသူများရှိလာပါကလည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးဝင်းနိုင်**
**[၁၄/ကပန(နိုင်)၁၂၂၅၅၀]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုချိုလွင်**
**(LL.B),(D.I.L),DL.101(WIPO SWITZERLAND)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၅၁၃)**
**သဃ်္ဃန်းကျွန်းမြို့နယ်ရှေ့နေများနားနေခန်း၊ ဦးဘဟန်လမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်တရားရုံး။**

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၉-ရပ်ကွက်၊ မာလာမြိုင်လမ်း၊ အမှတ်-၁၀၀၆/က (၂၀ပေx၆၀ပေ)အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်မြင့်မြင့်အောင်အမည်ပေါက် ဂရန်အမျိုးစားမြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ပိုင်ဆိုင်သူဟု အဆိုပြုသူ ဦးစန်းအောင်ဇံ [၆/မအရ(နိုင်)၀၈၈၀၈၂] ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးခင်စိုး [၁၂/ဒဂတ(နိုင်)၀၁၅၉၁၂] ကအပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားမူရင်းအပြည်အစုံနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုမြတ်လွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၇၅၁၉/၂၀၂၁)**
**တိုက်-၂၁၅၊ဒုတိယထပ်၊ အေးစေတီလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၆၅၇၈၄၆၈၈**

---

### ပြင်ဆင်ဖတ်ရှုပါရန်

၇-၄-၂၀၂၃ ရက် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ (၂၂)ပါ ကန့်ကွက်နိုင်ပါကြောင်း တရားလွှတ်တော်ရှေ့နေ ဒေါ်အိမ့်ဖြူနိုင် ကြော်ငြာတွင် ဒေါ်စုမွန်ကျော် [၁၂/ဥကတ(နိုင်)၁၆၉၂၇၉]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

### မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2L/5085၊ Mazda Bongo SK82T ယာဉ်လက်ဝယ်ရှိသူ အမည် ဦးစိုးနိုင် [၁၂/ကတတ(နိုင်)၀၀၁၅၂၈]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀) ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံးခွဲ (အောင်ပန်း)ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

---

## သွေးသည်
## အသက်

---

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ မြောင်းတကာစံပြကျေးရွာ၊ တိုးချဲ့(၂)ရပ်ကွက်၊ တိုးချဲ့(၂)လမ်း၊ ညောင်ပင်ကုန်း(၆)လမ်းထိပ်၊ အိမ်အမှတ်(၈၆၂)နေ မိဘများဖြစ်ကြသော ဦးအောင်မြင့်[၈/မမန(နိုင်)၀၉၆၉၀၁]နှင့် ဒေါ်တင်ပို[၈/မမန(နိုင်)၀၉၆၉၈၅]တို့၏သားဖြစ်သူ ကိုစိုးမင်းသိန်း[၈/မမန(နိုင်)၁၉၆၅၁၀]သည် မိဘနှစ်ပါးအား အကြိမ်ကြိမ်ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုခြင်း၊ ကျန်မောင်နှမများအပေါ်၌လည်း အမျိုးမျိုးခြိမ်းခြောက်မှုများပြုခြင်း၊ မိဘနှစ်ပါးဂုဏ်သိက္ခာကျအရှက်ရစေခြင်းများကြောင့် ကိုယ်စိတ်နှစ်ပါးဆင်းရဲနေရပါသည်။ ပြောဆိုဆုံးမ၍မရခြင်း၊ အကြိမ်ကြိမ်စော်ကားမှုများကြောင့် သည်းမခံနိုင်တော့သည့်အတွက် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ကိုစိုးမင်းသိန်းနှင့်ပတ်သက်သော မည်သည့်စီးပွားရေး၊ လူမှုရေး၊ ငွေရေးကြေးရေးကိစ္စမှန်သမျှ တာဝန်ယူဖြေရှင်းပေးလိမ့်မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(အဖ)ဦးအောင်မြင့်၊ (အမိ) ဒေါ်တင်ပို**
**ကြေညာသူမိဘများ**

---

### "အများသိစေရန် သတိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ သုမနလမ်း၊ အမှတ်(၈၇၇+၈၈၀)ဟုခေါ်တွင်သော အဆောက်အဦသည် ဦးခင်မောင်စန်း(မြေရှင်)နှင့် ဦးသိန်းသန်းဝင်း(အုပ်ချုပ်မှုဒါရိုက်တာ) ထူးပြည့်ပြည့်စုံဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့ (၂၂-၂-၂၀၁၅)ရက်နေ့က ချုပ်ဆိုထားသည့် စာချုပ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဆောက်လုပ်ခွင့်ပြုစာအမှတ်-၂၅၂/၂၅၀/စည်ပင်ယာ(အုံ)၏ (၁၀-၅-၂၀၁၆)ရက်နေ့က ထုတ်ပေးသည့် အမိန့်အရတရားဝင်ဆောက်လုပ်သည့် အဆောက်အဦဖြစ်ပါသည်။

ထိုအဆောက်အဦနှင့်ပတ်သက်၍ (က)စာချုပ်ပါကတိအရ ကန်ထရိုက်တာက မြေရှင်သို့ပေးရမည့် အလိုက်ငွေများ၊ မပြီးစီးပါက ကန်ထရိုက်တာမှ မြေရှင်သို့ပေးရမည့် လစဉ်ငွေများ၊ (ခ)လစဉ်အကျိုးအမြတ်ပေးမည်ဟု ယုံကြည်အောင် ပြောဆို၍ မိမိ အဆောက်အဦ အမြန်ပြီးစီးစေရန်မြေရှင်သည် မိမိပိုင်ဆိုင်သည့် အိမ်မြေကို ဘဏ်၌ အပေါင်ထား၍ကန်ထရိုက်တာသို့ထုတ်ပေးခဲ့သည့် ငွေကြေးနှင့် အကျိုးအမြတ်များ၊ (ဂ)ကန်ထရိုက်တာနှင့် မြေရှင်တို့တိုက်ခန်း အလဲအထပ်ပြုထားပြီး ဤသို့ပြုလုပ်ထားသည့်တိုက်ခန်းကရငွေကို ကန်ထရိုက်တာမှ ရယူသွားခြင်းဆိုင်ရာငွေကြေးနှင့် တိုက်ခန်းကိစ္စများ၊ နှစ်ဦးနှစ်ဖက်ကြား၌ **"စာရင်းရှင်းလင်းရန်"**ကျန်ရှိနေကြောင်း အသိပေး ကြေညာအပ်ပါသည်။

နှစ်ဖက်စာရင်းရှင်းလင်းရန် ကိစ္စနှင့်ပတ်သက်၍ မြေရှင်မှ ကန်ထရိုက်တာသို့ တရားဝင်အကြောင်းကြားစာများ ပေးပို့ခြင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့တင်ပြခြင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်စီမံအုပ်ချုပ်မှုကော်မတီသို့တင်ပြခြင်း စသည်တို့ပြုလုပ်ခဲ့သည့်တိုင် ကန်ထရိုက်တာမှစာရင်းရှင်းလင်းပေးရန် ယနေ့တိုင်ပျက်ကွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ကန်ထရိုက်တာ၏ အကျိုးခံစားခွင့်တိုက်ခန်းများအနက်မှ (2A,2B,3B,3C,4B,4D,6B) တိုက်ခန်းများအား တားမြစ်မိန့်ထုတ်ပေးပြီး ကန်ထရိုက်တာမှ မြေရှင်သို့စာရင်းရှင်းလင်းပေးရမည့် စုစုပေါင်းငွေကျပ်သိန်း(၁၃၂၅၀)အတွက် ဖြေရှင်းပေးရန် မြို့နယ်စီမံအုပ်ချုပ်မှုကော်မတီသို့ တင်ပြထားရာ **"တရားစွဲဆိုရန်"** ညွှန်ကြားခဲ့ကြောင်း၊ သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မှ (၁)လအတွင်း ဦးသိန်းသန်းဝင်းမှ စာရင်းရှင်းလင်းပေးရန် ပျက်ကွက်ခဲ့လျှင် တရားစွဲဆိုခြင်းနှင့် စပ်ဆိုင်နေသည့် တိုက်ခန်းများဖြစ်ကြောင်း **"ဝယ်သူ၊ ဝယ်ထားသူများ"** သိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးခင်မောင်စန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လက်လက်လင်း (တရားလွှတ်တော်ရှေ့နေ) စဥ်-၁၄၀၃၆**
**"ဝင်းထက်"ဥပဒေလမ်းညွှန်နှင့်အထွေထွေအကျိုးဆောင်လုပ်ငန်း**
**အမှတ်(၁၄၀)၊ ဒုတိယထပ်၊ (၃၉) လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME) များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **နိုင်ငံရေးစနစ်အရ ပါတီစုံဒီမိုကရေစီစနစ်ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး အုပ်ချုပ်ရေးပုံစံစနစ်အရ ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဖက်ဒရယ်အုပ်ချုပ်ရေးကို ပေါင်းစပ်ထားသည့် အုပ်ချုပ်မှုပုံစံကိုသွားရမည်ဖြစ်....**

❖ **တိုင်းရင်းသားအားလုံး၊ ပြည်သူများအားလုံးနှင့် နိုင်ငံသားအားလုံးကလိုလားသည့် အုပ်ချုပ်ရေးစနစ်ပင်ဖြစ်....**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများအား တွေ့ဆုံလမ်းညွှန် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**

**သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့ပေါ်ရှိ အပြစ်မဲ့ပြည်သူများစုဝေးမည့်နေရာများ၌ ယုတ်မာရက်စက်သောအကြံဖြင့် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်လျက်ရှိသည့်** Special Task Agency - STA **အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များကို အချိန်မီ ကြိုတင်သတင်းလက်ဦးမှုရယူ ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၄

## မန္တလေးမြို့၌ လမ်းလျှောက်သင်္ကြန် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်




မင်္ဂလာမန္တလေး မြန်မာ့ရိုးရာလမ်းလျှောက် အတာသင်္ကြန်ကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

**မန္တလေး မေ ၉**

၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကာလအတွင်း မန္တလေးမြို့ရှိ ပြည်သူများ ပိုမိုပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက် လမ်းလျှောက်သင်္ကြန်ထည့်သွင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အစီအစဉ်ကောင်းများ ပါဝင်မည်**

သင်္ကြန်အကြိုနေ့ဖြစ်သည့် မေ ၁၃ ရက်မှစတင်၍ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေးမြန်မာ့ရိုးရာ လမ်းလျှောက်အတာသင်္ကြန်နှင့် ကျုံးတောင်ဘက်ခြမ်းရှိ (၂၆ လမ်း၊ ၆၆ လမ်းမှ ၇၈ လမ်းအထိ) လမ်းလျှောက်သင်္ကြန်တို့၌ ဖျော်ဖြေရေးအစီအစဉ်များ၊ စတုဒိသာမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များနှင့် အခြားအပန်းဖြေ အနားယူနိုင်မည့် အစီအစဉ်ကောင်းများလည်း ပါဝင်မည်ဖြစ်သည်။

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❋

## သင်္ကြန်ရုံးပိတ်ရက်များတွင် ရန်ကုန်(ပန်းဆိုးတန်း-ဒလ) သင်္ဘောခါက်ရေ ပြောင်းလဲပြေးဆွဲပေးမည်



**ရန်ကုန် မေ ၉**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ)ကြီးကြပ်မှုအောက်ရှိ ရန်ကုန်(ပန်းဆိုးတန်း-ဒလ)သို့ ပြေးဆွဲပေးနေသော ချယ်ရီသင်္ဘောသည် သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း အများပြည်သူများ စိတ်အေးချမ်းသာစွာ သွားရေးလာရေး အဆင်ပြေချောမွေ့လွယ်ကူစေရန်အတွက် သင်္ဘောခါက်ရေ ပြောင်းလဲပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်(ပန်းဆိုးတန်း-ဒလ)သင်္ဘောဆိပ်ကမ်းသည် ဒလမြို့နယ် ဒေသခံပြည်သူများအပါအဝင် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များအပြင် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ခရီးသွားပြည်သူများနှင့် ရန်ကုန်မြို့သို့ဝင်/ထွက်သွားလာနေကြသော အများပြည်သူများအား ကမ်းရိုးတန်းမြစ်တွင်းသွား ချယ်ရီသင်္ဘောရေယာဉ်ဖြင့် နေ့စဉ် ပုံမှန်ပြေးဆွဲပို့ဆောင်ပေးလျက်ရှိသည်။

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့** ○